
www.dham



# မေတ္တာတရား လူ့စွမ်းအား

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

www.dhammaransi.com



www.dhammaransi.com

၂၄၃၅၈

# မေတ္တာတရား လှုံ့စွမ်းအား

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

www.dhammaransi.com

# ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၄၆၅/၉၉(၈)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၆၄၂/၉၉ (၁၂)

◆ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

တန်ဖိုး - ၂၂၅ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ

◆ အတွင်းသားပုံနှိပ်

မတင်စိန် (၀၅၅၂၉)၊ ဇော်ဦးပုံနှိပ်တိုက်
အမှတ်(၂)၊ ချွန်း(၁)လမ်း၊ ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်(၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)
ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊
ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

သီရိစီစဉ်သည်

www.dhammaransi.com


ပြည်လုံးကျွတ်ဖြန့်ချိရေး

## ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊

ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

☎ ၀၁-၂၄၃၈၇၀

www.dhammaransi.com

ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့လို့ သတ်မှတ်ထားတယ်၊ သို့သော် မေတ္တာပွားရမှာက ဝါခေါင်လပြည့် တစ်ရက်ထဲပွားရမှာ မဟုတ်ပါ၊ နေ့တိုင်းပွားကြရမှာပါ၊ ဘာဝနာ အလုပ်အားထုတ်တော့လဲ၊ ရှေ့ပြေးအနေနဲ့ ပွားကြရမှာပါ။

(ယော)ဆရာတော်

www.dhammaransi.com

# မာတိကာ

## မေတ္တာတရားလှူ့စွမ်းအား


| | |
|---|---|
| ဘာဝနာအလုပ်ရဲ့ရှေ့ပြေး ... | ၁ |
| မေတ္တာသုတ်၏သမိုင်း ... | ၃ |
| တောစောင့်နတ်တွေအနေခက်ကြလို့ ... | ၅ |
| မေတ္တာလက်ဆောင် ... | ၇ |
| မေတ္တာစိတ်အားပေးစက်ရုံ အလုံး(၅၀၀) ... | ၁၁ |
| မေတ္တာအကူအညီမပါခင်တုန်းက ... | ၁၅ |
| မေတ္တာသည် ဝိပဿနာသုခ ... | ၂၁ |

www.dhammaransi.com

ဘာသာတရားသည်
ကိုးကွယ်ရုံသက်သက်မဟုတ် ... ၂၃

တရားယန္တရား(၄)ချက် ... ၂၅

မေတ္တာရှေ့ပြေးကျင့်စဉ် ... ၂၇

စွမ်းတဲ့သူဆိုရင် ... ၂၉

မိမိသန္တာန်မှ လိုက်ကာ(၂)ချပ် ... ၃၁

မေတ္တာပို့စကား (၃)ခွန်း ... ၃၃

မေတ္တာသည်အလှဆုံးအင်အား ... ၃၅

နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ ... ၃၈

မပြုရှောင်ပါစေ ... ၄၃

ဝိပဿနာဉာဏ်မှန်ဘီလူး
ချဲ့ကြည့်လိုက်တဲ့အခါ ... ၄၇

ရုပ်မြင်နာမ်ကြားစက် ... ၅၁

လမ်းညွှန်ကျင့်စဉ်အပြည့်အစုံ ... ၅၅

www.dhammaransi.com

ကိလေသာနိဗ္ဗာနဉာဏသည်မိး ... ၅၇

တရားထမင်းအိုးဟင်းအိုးတွေ
မှောက်ကုန်မယ် ... ၅၉

သတိပဋ္ဌာန်အဝတ်ထူထူလေးနဲ့ကိုင်ပါ ... ၆၁

ပိုက်ဆံမတောင်းဘူး၊ တရားသာပေး ... ၆၃

## နမောဗုဒ္ဓဿ

ကိစ္စအားလုံးပြီးဆုံးသောပုဂ္ဂိုလ် ... ၆၉

တရားအမှန်ကိုမဖောက်မပြန်
သိသောပုဂ္ဂိုလ် ... ၇၁

မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ
နိုးကြားတော်မူသောပုဂ္ဂိုလ် ... ၇၃

ဘုရားရှိခိုးခြင်းသည် ဘုရားထံမှ
ဓာတ်သတ္တိယူတာ ... ၇၇

အတိုဆုံးဘုရားရှိခိုး ... ၈၁

ဓမ္မဆိုတာလူတွေသွားရမယ့်
လမ်းကြောင်း ... ၈၃

www.dhammaransi.com


ခမ္ဘသရဏာ ဂစ္ဆာမိမပြတ်သားတာ ... ၈၇

တရားမမြင်ရင် ... ၈၉

ဘုရားမြင်မှ ... ၉၁

တရားမွေ့လျော်မှ ... ၉၇

ဉာဏ်လက်နှိပ်ဓာတ်မီးကိုင်ထားပါ ... ၉၉

ဘုရားကိုမြင်တော့ ... ၁၀၃

အဖေ, အမေထက်သာတဲ့သား ... ၁၀၉

ကြုံရဖြစ်တွေ ... ၁၁၁

ဖိုးလွန်, ဖိုးချွန် ... ၁၁၅

ဗုဒ္ဓဟူသည် ... ၁၁၇

ရန်သူကိုရန်သူလို့မသိလိုက်ရဘူး ... ၁၁၉

နမောဗုဒ္ဓဿအစွမ်း ... ၁၂၁

ကောင်းတာအကုန်စွန့်ခဲ့ရတာ ... ၁၂၅

တရားနဲ့ဝေးတဲ့ပုဂ္ဂိုလ်ဆိုရင် ... ၁၂၇

www.dhammaransi.com

# မေတ္တာတရား, လူ့စွမ်းအား

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်

*[ ၁၃၆ဝ ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့ ၁၉၉၈–ခုနှစ် ဩဂုတ်လ (၇)ရက်၊ သောကြာနေ့တွင် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဘာဝနာလမ်း၊ ဟံသာဝတီကမ္မဋ္ဌာန်းတိုက်ကြီးအတွင်း၌ ယောဂီပရိသတ် အပေါင်း သူတော်ကောင်းတို့အတွက် ဓမ္မဒါန, ဓမ္မလက်ဆောင်အဖြစ်ဖြင့်၊ အမှတ်ရဖွယ် အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။ ]*

## ဘာဝနာအလုပ်ရဲ့ရှေ့ပြေး

ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ လို့ သတ်မှတ်ထားတယ်၊ သို့သော် မေတ္တာပွားရ

www.dhammaransi.com



မှာက ဝါခေါင်လပြည့်တစ်ရက်ထဲ ပွားရမှာမဟုတ်ပါ၊ နေ့တိုင်းပွားကြရမှာပါ၊ ဘာဝနာအလုပ်အားထုတ်တော့လဲ ရှေ့ပြေးအနေနဲ့ ပွားကြရမှာပါ။

မေတ္တာတရားသည် လူ့စွမ်းအား၊ လူ့စွမ်းအားဆိုတာလဲ မေတ္တာတရား၊ ခွဲခြားလို့မရစကောင်းပါ။

သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ၊

သဗ္ဗသတ္တာ–တစ်ယောက်မကြွင်း၊ ခပင်းဥဿုံ၊ လုံးစုံများစွာသတ္တဝါတို့သည်၊ သုခိနောဝ–ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါကင်းရှင်း၊ ကိုယ်ချမ်းသာခြင်းရှိကြကုန်သည်လည်း ဟောန္တု–မုချမသွေဖြစ်ကြပါစေကုန်သတည်း။

ခေမိနောဝ–တွင်းပနှစ်တန်၊ ဘေးရန်ကင်းဝေး၊ ငြိမ်းအေးခြင်း ရှိကြကုန်သည်လည်း၊ ဟောန္တု–မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

သုခိတတ္တာဝ–နှလုံးစိတ်ဝမ်း၊ ရွှင်ကြည်လန်း၍၊ အေးချမ်းသောစိတ် ရှိကြကုန်သည်လည်း၊ ဘဝန္တု–မေတ္တာတရား လူ့စွမ်းအားကြောင့်၊ ထူး

www.dhammaransi.com



ခြားလှစွာ၊ ကောင်းစွာမသွေ၊ ဖြစ်ကြပါပေကုန်သတည်း။

* * *

# မေတ္တာသုတ်၏သမိုင်း

မေတ္တာသုတ်မှာလာတဲ့ ပထမဆုံးမေတ္တာပို့စကားပါ။

မြတ်စွာဘုရားလက်ထက်က တစ်ခုသော ဝါဆိုဦးကာလမှာ ရဟန်းတော်အပါးငါးရာတို့ဟာ ဝါဆိုရန်အတွက် နေရာရှာကြတယ်။

လူအင်အားကလဲ အင်မတန်ကောင်းပါတယ်၊ ရဟန်းအပါး ငါးရာကိုး၊ တရားအင်အားကလဲ ကောင်းပါတယ်၊ သီလ၊ သမာဓိ၊ ပညာ၊ တကယ်တမ်းကို ကြိုးစားအားထုတ်တဲ့ ယောဂီရဟန်း အပါးငါးရာပါ။

မြတ်စွာဘုရားထံမှာ တရားအားထုတ်ဖို့ နည်းလမ်းများသင်ယူ၍ ဝါဆိုခါနီးကာလဖြစ်တော့

www.dhammaransi.com



တရားအားထုတ်ရင်းနဲ့ ဝါဆိုမယ်၊ ဝါဆိုမယ့်နေရာမှာပဲ တရားအားထုတ်မယ်လို့ လျောက်ပတ်သောနေရာကိုရှာရင်းနဲ့ သွားလိုက်တာ အိန္ဒိယနိုင်ငံ ဟိမဝန္တာနဲ့ ဆက်စပ်တဲ့ တောအုပ်ကြီးတစ်ခု ရောက်သွားကြ။

အရိပ်အာဝါသကလဲကောင်း၊ ဥတုကလဲ လျောက်ပတ်၊ မိမိတို့အချင်းချင်းကလဲ ပုဂ္ဂလသပ္ပါယ အပါးငါးရာလုံး ဘာမှပြောစရာမရှိ၊ ဘောဇနသပ္ပါယအတွက်ကလဲ တောကြီးနဲ့ မနီးမဝေးမှာ အိမ်ခြေအလွန်များတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။

ရွာသူရွာသားတွေကလဲ သဒ္ဓါတရားတယ်ကောင်း၊ ရဟန်းတော်အရှင်မြတ်များ ကြွလာတယ်ဆိုရင် ဝမ်းသာလိုက်ကြတာ၊ "ဒို့တော့ ကုသိုလ်ပွားတော့မှာ၊ ကုသိုလ်တွေရတော့မှာ"ဆိုပြီး ဝမ်းသာကြတော့ ဘောဇနသပ္ပါယကလဲ ပူစရာမရှိ၊ သပ္ပါယ(၄)ပါး မျှတတဲ့နေရာ၊ "တရားအားထုတ်ဖို့ ဒို့အတွက်တော့ အကောင်းဆုံးနေရာပဲ" ဆိုပြီး ဆုံးဖြတ်ကာ တောအုပ်အတွင်းဝင် တရားအလုပ် အားထုတ်ကြတယ်။

www.dhammaransi.com



အားထုတ်ကြသော်လဲပဲ သပ္ပါယ(၄)ပါးမှာ ဥတုသပ္ပါယ ပြောစရာမလို၊ ဘောဇနသပ္ပါယ ပြောစရာမလို၊ အာဝါသသပ္ပါယ ပြောစရာမလို၊ သစ်ပင်အရိပ် အင်မတန်ကောင်း၊ ဒကာ, ဒကာမ တွေက တစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်းလေးတွေ တောင် ဆောက်ပေးထားကြတယ်ဆိုတော့ အာဝါသသပ္ပါယလဲပြောစရာမလို၊ ပုဂ္ဂလသပ္ပါယ ကလဲ မိမိတို့အချင်းချင်း ဘာမှပြောစရာမလို၊ သို့သော် ပုဂ္ဂလသပ္ပါယတစ်ပိုင်း လိုနေတယ်တဲ့ဗျ။

* * *

## တောစောင့်နတ်တွေ အနေခက်ကြလို့

တစ်ပိုင်းက ဘာလဲဆိုတော့ တောထဲမှာ နေတဲ့ တောရှင် တောစောင့်နတ်တွေပေါ့၊ သူတို့က ရဟန်းတွေရဲ့ သီလတန်ခိုးကြောင့် ရဟန်းတွေ တရားလာအားထုတ်တယ်ဆိုရင်ပဲ သစ်ပင်ပေါ် မနေရဲကြလို့ ဆင်းပေးကြရတယ်။

www.dhammaransi.com



စတုမဟာရာဇ် အောက်ပိုင်းနတ်တွေဆိုတာ လူတွေလိုပဲ၊ ဝမ်းနဲ့လွယ်ပြီးပဋိသန္ဓေနေကြရတော့ နတ်သား နတ်သမီးပေါက်စလေးတွေလဲ ရှိတာပဲ၊ နတ်ပေါက်စလေးတွေလဲ လက်ကတွဲချီပြီး သင့်တော်ရာမှာ နေကြရတယ်။

"အရှင်မြတ်တွေ ခဏလာကြတာနဲ့တူပါရဲ့၊ ခဏနေပြီး ပြန်ကြမှာနဲ့တူပါရဲ့၊ ခဏဆို ကိစ္စမရှိပါဘူးလေ၊ ဒို့ အဆင်းရဲခံနိုင်ပါတယ်" ဆိုပြီး ကြည့်နေလိုက်ကြတာ၊ ရဟန်းတော်များက ပြန်မယ့်အမူအရာ လုံးဝမပြ၊ ဒကာ, ဒကာမတွေကလဲ တစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်း ကလေးတွေတောင် ဆောက်ပေးနေကြတော့...

"ဒီအရှင်မြတ်တွေ ပြန်ကြမှာမဟုတ်ဘူးထင်တယ်၊ နေဖို့လာကြတာနဲ့တူတယ်၊ အဲသလိုဆို ဘယ်ဖြစ်မလဲ၊ ဒီမှာနေလို့တော့ မဖြစ်ဖူး၊ ဒို့က ဒီလောက်မဟုတ်ဖူး၊ ဒို့ကလေးတွေ ဆင်းရဲကုန်မယ်၊ ဟိုနားသွားနေ၊ ဒီနားသွားနေ ဒုက္ခရောက်ကုန်မယ်၊ ဒီအရှင်မြတ်တွေ မနေနိုင်အောင် ဒို့နှင်ထုတ်မှဖြစ်မယ်၊ ဒို့တန်ခိုးသုံးမှဖြစ်မယ်" အဲသလို စိတ်မှာဖြစ်ပေါ်လာကြတယ်။

www.dhammaransi.com



ကောင်းတာလုပ်တိုင်းလဲမကြိုက်ဖူး၊ ကောင်းတာကိုမကြိုက်တာလဲ ရှိသေးတယ်၊ အဲဒါနဲ့ နှင်ထုတ်ဖို့ ချောက်လှန့်ကြတာပေါ့။

နေ့ပိုင်းချောက်လှန့်ရတာ အရာမရောက်၊ ညပိုင်းကျမှချောက်၊ ကြောက်စရာအဆင်းကြီးတွေပြ၊ ကြောက်စရာအသံကြီးတွေနဲ့ အော်ဟစ်၊ အင်မတန်ဆိုးဝါးတဲ့အနံ့ဆိုးကြီးတွေလွှတ်၊ ရဟန်းတွေ သမာဓိကိုမရတော့ဘူး။

ကြောက်စရာအဆင်းကြီး အမျိုးမျိုးမြင်ရ၊ အသံကြီးတွေကလဲ ဘယ်လိုမှ သမာဓိမရနိုင်အောင်ဖြစ်၊ အဆိုးဆုံးက အနံ့ဆိုးကြီးတွေ ရှူရလို့ ခေါင်းတွေကိုက်၊ မကျန်းမမာတွေဖြစ်၊ ရောဂါတွေဖြစ်၊ အလုပ်မဖြစ်ကြတော့ဘူး၊ ပုဂ္ဂလသပ္ပါယတစ်ပိုင်းလိုနေတယ်။

* * *

## မေတ္တာလက်ဆောင်

အဲဒါနဲ့ နတ်တွေက ချောက်လှန့်လို့ ရဟန်းတွေ ဘယ်လိုမှအလုပ်မဖြစ်ကြတော့၊ စည်းဝေးကြတယ်။

www.dhammaransi.com



"အရှင်ဘုရားတို့၊ ဒီလောက်အချောက် အလှန့်များတဲ့နေရာမှာ တပည့်တော်တို့ အားထုတ်လို့မဖြစ်တော့ပါဘူးဘုရား၊ မြတ်စွာဘုရား ထံသာ ပြန်ကြပါစို့၊ ဒုတိယဝါဆိုခွင့်လဲ မြတ်စွာဘုရားက ခွင့်ပြုထားတာပဲ၊ ဘုရားထံသာ ပြန်ကြရအောင်ပါ"

"ကောင်းပြီ" ဆိုပြီး ရဟန်းအပါးငါးရာလုံး တောထဲက ထွက်ခွာသွားကြပါတယ်၊ ဘုရားထံရောက်၊ အကျိုးအကြောင်းလျှောက်၊ ဘုရားက–

"မင်းတို့က သူများဆီသွားတာ လက်ဆောင်မှယူမသွားဘဲ"လို့ မိန့်ကြားပါတယ်၊ လက်ဆောင်ဆိုတာ မေတ္တာ၊ ကမ္ဘာ့အကောင်းဆုံး လက်ဆောင်သည် မေတ္တာ။

ဒါကြောင့် လောကမှာ မေတ္တာလက်ဆောင်တွေ ပေးတတ်ကြတယ်လေ၊ ပစ္စည်းကတန်ဖိုးမရှိပါဘူး၊ သို့သော် ဒီပစ္စည်းရဲ့နောက်ကွယ်က (ဒီပစ္စည်းရဲ့အတွင်းမှာက)မေတ္တာဓာတ်ကလေးတွေ ထည့်လိုက်တယ်။

www.dhammaransi.com



ဟောဒါက ဘယ်သူက ဘယ်သူ့အတွက် ပေးလိုက်တဲ့ မေတ္တာလက်ဆောင်၊ သစ်သီးလေး တစ်လုံးပဲဖြစ်ဖြစ်ပေါ့ဗျာ၊ အဖိုးတော့မတန်ဘူး၊ သို့သော်အဲဒီလက်ဆောင်လေးမှာပါလာတဲ့ မေတ္တာ ဓာတ်က "ဩော်- သူက ငါ့အပေါ် ဒီလောက် အကျိုးလိုလားတဲ့မေတ္တာနဲ့ ပေးလိုက်တာ၊ ငါကလဲ မေတ္တာနဲ့သုံးမှဖြစ်မှာပေါ့"လို့ လေးလေးစားစား၊ မြတ်မြတ်နိုးနိုး၊ ပေးလိုက်သူက မေတ္တာနဲ့ပေး လိုက်တော့ သုံးတဲ့သူကလဲ မေတ္တာနဲ့သုံးဆောင် တယ်။

လောကမှာ ဒါမျိုးပေါ့၊ ပစ္စည်းက အဖိုး မတန်သော်လဲ မေတ္တာလက်ဆောင်ဆိုရင် အား လုံးက မြတ်နိုးကြတယ်၊ ဒါကြောင့် လက်ဆောင် ဆိုတာ မေတ္တာတရားပြောတာ။

"မင်းတို့က သူများဆီသွားတာ လက် ဆောင်မှယူမသွားပဲ၊ ကဲ-မင်းတို့ ဘယ်မှမသွားနဲ့၊ အဲဒီတောသာပြန်သွား၊ နတ်တွေချောက်တာနဲ့ ရဟန်းတွေထွက်ပြေးရတယ်ဆိုတာ သတ္တိညံ့ရာ

www.dhammaransi.com



ကျပါတယ်၊ ကိုယ့်မှာ ဘာမှမရှိတာကျနေတာ၊ မင်းတို့ ဒီတစ်ခါ မေတ္တာလက်ဆောင်ယူသွားကြ"

* * *

www.dhammaransi.com

# မေတ္တာဓာတ်အားပေးစက်ရုံအလုံး(၅၀၀)

မေတ္တာသုတ်ပရိတ်တရားကို ဘုရားက သင်ပေးတယ်၊ မေတ္တာသုတ်ရွတ်ပုံ၊ ပွားများပုံ၊ အားထုတ်ပုံ၊ စိတ်နေစိတ်ထားတွေ၊ အာရုံနဲ့ စိတ်ဆက်ပုံတွေ၊ နောက်ဆုံး ဝိပဿနာပွားများပုံတွေအထိ အဆင့်ဆင့် အပြည့်အစုံ သင်ပေးလိုက်တယ်။

သင်ပေးလိုက်တော့ ရဟန်းတော်များလဲ လက်ဆောင်ရသွားပြီ၊ လက်နက်ကောင်းတွေ ရသွားပြီဆိုတော့ ဝမ်းသာအားရပေါ့၊ အဲဒီတောကိုပဲ ပြန်သွားကြ။

www.dhammaransi.com



တောအုပ်ရောက်ပြီဆိုကတည်းက မေတ္တာသုတ် ပရိတ်တရားကိုရွတ်လဲရွတ်တယ်ဗျ၊ တစ်တောလုံး ကို လွှမ်းခြုံပြီးတော့ တောအတွင်းမှာ ရောက်ရှိနေ ထိုင်ကြတဲ့ နတ်တွေအားလုံး၊ ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ၊ မေတ္တာဓာတ်တွေ လွှမ်းခြုံပို့လွှတ်လိုက်တဲ့အခါ မေတ္တာကလဲ မပို့ ရင်သာ နေရောပေါ့၊ ပို့လိုက်တဲ့အခါမှာ အင်နဲ့ အားနဲ့၊ ထုနဲ့ထည်နဲ့၊ နည်းနည်းနော်နော်အင်အားမှ မဟုတ်ပဲ။

သူတော်ကောင်းတစ်ယောက်ရဲ့ သန့်စင်တဲ့ နှလုံးသားက မေတ္တာအားတောင် သိပ်ကောင်း တာပဲ၊ အခုတော့ သူတော်ကောင်းငါးရာ၊ မေတ္တာ ဓာတ်အားပေးစက်ရုံ အလုံး(၅၀၀)လို့ တင်စားခေါ် နိုင်တယ်။

မေတ္တာထပ်ဆင့်ထုတ်လွှင့်တဲ့ မေတ္တာဓာတ်အား ပေးစက်ရုံ အလုံးငါးရာက လွှတ်ပို့ပေးတဲ့၊ သန့်စင် မွန်မြတ်တဲ့ သူတော်ကောင်းတွေရဲ့ နှလုံးသားက လွှတ်လိုက်တဲ့ မေတ္တာအအေးဓာတ်တွေ၊ မေတ္တာ စွမ်းအားတွေ တစ်တောလုံးကိုလွှမ်းခြုံသွား၊ နတ် တွေရဲ့နှလုံးသားခန္ဓာအစဉ် သွားထိခိုက်၊ နတ်တွေ

www.dhammaransi.com



သစ်ပင်ပေါ်က အကုန်ဆင်းပြေးလာခဲ့ကြပြီ၊ တော အုပ်ဝက ဆီးကြိုကြတယ်။

"အရှင်ဘုရားတို့ ကြွကြွဘုရား၊ ကြွကြွ ဘုရား၊ အရှင်ဘုရားတို့ ကြာမှပဲ ကြွလာသကိုး ဘုရား"

အရှင်က နှင်ထုတ်လိုက်လို့ ထွက်သွားကြရ တာပဲ၊ ကြည့်စမ်း၊ လက်ဆောင်လေးပါတော့ ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲဆီးကြိုတယ်။

"အရှင်ဘုရားတို့ ကြာမှပဲ ကြွလာသကိုး၊ ကြွကြွဘုရား၊ ကြွကြွဘုရား"

အရောက်နောက်ကျတယ်တောင် ထင်နေ တယ်၊ ပြန်သွားမှာကို စိုးရိမ်နေကြတယ်၊ ဒါနဲ့ တောထဲကိုပင့်သွား။

"အရှင်ဘုရားတို့ ဟောဒီနေရာတွေမှာ သီတင်းသုံးဘုရား၊ ဘာမှမပူနဲ့ဘုရား၊ တပည့်တော် တို့ အကုန် ဝေယျာဝစ္စလုပ်မှာဘုရား၊ ရေပူရေအေး တွေ အကုန်စီမံမယ်ဘုရား၊ တောအုပ်ကြီးလုံခြုံ အောင် တပည့်တော်တို့ စောင့်ရှောက်မယ်ဘုရား"

မေတ္တာလက်ဆောင်ပါသွားတော့တော်တော် မျက်နှာပန်းပွင့်သကိုးဗျ၊ လက်ဆောင်မပါခင်

www.dhammaransi.com



တုန်းက နှင်လွှတ်လိုက်တာ၊ အလုပ်ကို မဖြစ်တာ၊ လက်ဆောင်ပါတော့လဲ အရောက်နှောက်ကျတယ်တောင် ထင်နေတာ၊ ပြန်သွားမှာတောင် စိုးရိမ်နေတော့တာ။

နတ်တွေဝမ်းသာလွန်းလို့ ရဟန်းတော်များပင့်၊ ဝေယျာဝစ္စတွေလုပ်၊ တံမြက်စည်းတွေလှဲ၊ အမှိုက်တွေကျုံး၊ ရေပူရေအေးတွေ အခါအားလျော်စွာ ကြည့်စီမံ ဆက်ကပ်။

ဒီတောအတွင်း မဆိုင်သူဘယ်သူမှမဝင်ရ၊ လုံခြုံအောင် သူတို့ အကုန်စောင့်ရှောက်ကြတယ်၊ မေတ္တာဓာတ်တွေ အပြန်ပြန်အလှန်လှန်ပေါ့။

ရဟန်းတော်တွေရဲ့မေတ္တာက နတ်တွေထံရောက်၊ နတ်တွေထံက မေတ္တာတုံ့ပြန်လို့ ရဟန်းတွေထံရောက်၊ တစ်တောလုံးမှာရှိနေတဲ့ သားကောင် တိရစ္ဆာန် အပါအဝင် သတ္တဝါတွေမှာလဲ မေတ္တာဓာတ်တွေ ထိခိုက်လို့ ပျော်လိုက်ကြတာ။

www.dhammaransi.com

# မေတ္တာအကူအညီမပါခင်တုန်းက

မေတ္တာဓာတ်မပါခင်တုန်းကတော့ ကိုယ်ရှိတာ သူကမကြိုက်၊ သူရှိတာလဲ ကိုယ်ကမကြိုက်၊ သူ့ကို ကိုယ်ကလဲသွားစေချင်တယ်၊ သူကလဲ ကိုယ့်ကိုသွားစေချင်တယ်၊ မေတ္တာလေးရှိလာတော့ သူ့ကို ကိုယ်ကမသွားစေချင်၊ သူကလဲ ကိုယ့်ကို မသွားစေချင်၊ ကိုယ်ရှိလို့ သူလဲချမ်းသာ၊ သူရှိလို့ ကိုယ်လဲချမ်းသာ၊ တစ်တောလုံးကို ပျော်လို့ဗျ။

အဲဒါနဲ့ ရဟန်းတော်များ အေးအေးချမ်းချမ်းဖြစ်၊ သမာဓိရကြပြီး ဝိပဿနာအားထုတ်ကြတာ၊ (ဝါတွင်းမှာပဲ) ဝါမကျွတ်ခင် အကုန် ရဟန္တာဖြစ်ကုန်ကြတယ်လို့ ဆိုပါတယ်။

www.dhammaransi.com



မေတ္တာအကူအညီမပါခင်တုန်းကတော့ အလုပ်ကိုမဖြစ်တာ၊ မေတ္တာအကူအညီပါကာမှ အလုပ်အောင်မြင်ပါတယ်၊ ဒါကြောင့် တရားအား ထုတ်တာတောင် အားမထုတ်ခင် မေတ္တာအရင်ပို့ပါ အုန်းဆိုတဲ့ သင်ခန်းစာ နည်းလမ်းဥပဒေကိုလဲ လမ်းညွှန်ပေးထားတယ်ပေါ့။

*** ရဟန်းငါးရာ၊ တောထဲမှာ၊**
**ကောင်းစွာကျင့်သုံးကြ။**

နည်းနည်းနောနောအင်အားမှ မဟုတ်ပဲ၊ ရဟန်းငါးရာ၊ လူအင်အားကလဲ တယ်ကောင်း တရားအင်အားကလဲတယ်ကောင်း၊ မဟုတ်တရုတ် လုပ်တာလဲ တစ်ပါးမှမရှိဘူး၊ ကောင်းကောင်း မွန်မွန် ကြိုးစားအားထုတ်နေကြတာပဲ။

*** သိက္ခာသုံးဖြာ၊ ကြိုးစားကာ၊**
**မေတ္တာကိုတော့မပို့ကြ၊**

သီလကိုလဲ လုံအောင်စောင့်ထိန်းတယ်၊ သမာဓိကိုလဲ တိုးအောင်ပွားတယ်၊ ဝိပဿနာကိုလဲ ကြိုးကြိုးစားစား၊ ခန္ဓာဉာဏ်စိုက် ရှုမှတ်ကြတယ်၊

www.dhammaransi.com



ဒါပေမယ့် တစ်ခုလိုတယ်၊ မေတ္တာကိုတော့ မပို့ကြဘူး၊ ဒို့ကောင်းတာလုပ်တာပဲဆိုပြီး မပို့ကြဘူး။

* **မေတ္တာမပို့၊ ကြိုးစားလို့နေ၊ မတွင်ချေ၊ နတ်တွေနှောင့်ယှက်ကြ၊**

မေတ္တာမပို့တော့ အလုပ်မတွင်တော့ဘူး၊ နတ်တွေကလဲ နှောင့်ယှက်ကြတယ်၊ ကောင်းတာလုပ်တာကို မကြိုက်ကြတော့ဘူး။

* **နတ်တွေချောက်လှန့်၊ စိတ်တွေပျံ့၊ ကြောက်လန့်ထွက်ပြေးရ၊**

ရဟန်းအပါးငါးရာစလုံး နတ်တွေအချောက်ခံရတော့ ဘယ်လိုမှ အလုပ်မဖြစ်တော့လို့ အကုန်လုံးသမာဓိတွေပျက်ပြီးတော့ ထွက်ပြေးကုန်ရပြီ၊ ပြန်သွားကြပြီ။

* **ဘုရားထံမှောက်၊ ပြန်၍ရောက်လာ၊ ကောင်းမွန်စွာ၊ မေတ္တာနည်းကိုသင်ယူကြ၊**

ဘုရားထံသွား၊ အကျိုးအကြောင်းလျှောက်၊ မြတ်စွာဘုရားထံမှာ မေတ္တာစွမ်းအားကို ရွတ်ပုံတွေ၊ ပွားများပုံတွေ၊ ဝိပဿနာအထိ ကျင့်စဉ်

www.dhammaransi.com



အဆင့်ဆင့်ပြည့်စုံအောင်သင်ယူ၊ ဘုရားကလဲ သင်ပေး။

* **မေတ္တာနည်းများ၊ ရရှိသွားသော်၊**
  **စွမ်းအားပေါ်၊**
  **ရှင်ပျော်အားတက်ပြန်သွားကြ၊**
* **မေတ္တာသုတ်ကို၊ ရွတ်ဆိုပွားများ၊**
  **မေတ္တာအား၊ ကြိုးစားပို့လွှတ်ကြ၊**

မေတ္တာသုတ်ကို ရွတ်လဲရွတ်တယ်၊ လိမ်းဆေးအနေနဲ့လဲ သုံးတယ်ပေါ့၊ သောက်ဆေး၊ စားဆေးအနေနဲ့လဲ ပွားများတယ်ပေါ့။

* **မေတ္တာစွမ်းအား၊ မြတ်တရားကြောင့်၊**
  **နတ်များချစ်ခင်၊ တရားမြင်၊**
  **စွမ်းအင်တိုးလာရ၊**

မေတ္တာအကူအညီပါတော့ အလုပ်တွင်ကျယ်တယ်၊ နတ်တွေကလဲ ချစ်လိုက်တာ၊ စောစောကနှင်လွှတ်လိုက်တဲ့နတ်တွေ မေတ္တာလက်ဆောင်ပါလာတော့ အရောက်နောက်ကျတယ်တောင်ထင်နေကြ၊ ပြန်သွားမှာတောင် စိုးရိမ်ကြ၊ တစ်ခါတည်း ချစ်လိုက်ကြတာ။

www.dhammaransi.com



ချစ်ကြတော့ တရားအလုပ်လုပ်ရတာ တယ်ကောင်း၊ သမာဓိတွေလဲရ၊ ခန္ဓာဉာဏ်စိုက်သလို ရုပ်နာမ်ခန္ဓာအရှိတွေကိုလဲ မြင်ခွင့်ရ၊ ပွားများလို့ အားထုတ်လို့တယ်ကောင်း။

* **မေတ္တာအစွမ်း၊ စိတ်အေးချမ်း၍၊**
**ရဟန်းငါးရာ၊ ဝါတွင်းမှာ၊**
**ဖြောင့်စွာကြိုးစားရ၊**

မေတ္တာအစွမ်းအကူအညီပါတော့ ရဟန်းတွေ ဝါတွင်းမှာ အေးချမ်းစွာ ဖြောင့်ဖြောင့်မတ်မတ် ကြိုးစားအားထုတ်ခွင့်ရတယ်။

* **ဖြောင့်စွာကြိုးစား၊ အပါးငါးရာ၊**
**ရဟန္တာ၊ ကောင်းစွာဖြစ်ကုန်ကြ၊**

ဖြောင့်ဖြောင့်မတ်မတ်၊ အနှောင့်အယှက်ကင်းစွာနဲ့ ကြိုးစားအားထုတ်ခွင့်ရတော့ သမာဓိတွေကလဲ အားကောင်း၊ သမာဓိအားကောင်းတော့ ဉာဏ်မျက်လုံးဖွင့်လို့ စိတ်ကြိုက်ရ၊ ရုပ်နာမ်ခန္ဓာအရှိ၊ ဉာဏ်နဲ့ကြည့်သလိုမြင်ရ၊ စိတ်နှင့်အပူခွာနိုင်ကြ၊ ဝိပဿနာဉာဏ်တွေရင့်၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တွေ

www.dhammaransi.com



ရောက်ကြလို့ ရဟန္တာတွေဖြစ်။

* **မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊**
**အကုန်ချမ်းသာကြ၊**

မေတ္တာခြုံတော့လဲ အကုန်လုံသွားတာပဲ၊ ဘယ်သူမှမနှောင့်ယှက်ကြတော့ဘူး၊ အရင်တုန်းက ချောက်လှန့်နှင်လွှတ်လိုက်တဲ့ နတ်တွေ ယခုတော့ ဆွေရင်းမျိုးရင်းတွေလိုချစ်ပြီးနေကြတာ၊ ကြည်နူးဖို့ တယ်ကောင်း။

* **ရဟန်းငါးရာ၊ တောထဲမှာ၊**
**ကောင်းစွာကျင့်သုံးကြ၊**

* **သိက္ခာသုံးဖြာ၊ ကြိုးစားကာ၊**
**မေတ္တာကိုတော့မပို့ကြ၊**

* **မေတ္တာမပို့၊ ကြိုးစားလို့နေ၊ မတွင်ချေ၊**
**နတ်တွေနှောင့်ယှက်ကြ၊**

* **နတ်တွေချောက်လှန့်၊ စိတ်တွေပျံ့၊**
**ကြောက်လန့်ထွက်ပြေးရ၊**

* **ဘုရားထံမှောက်၊ ပြန်၍ရောက်လာ၊**
**ကောင်းမွန်စွာ၊ မေတ္တာနည်းကိုသင်ယူကြ၊**

* **မေတ္တာနည်းများ၊ ရရှိသွားသော်၊**
**စွမ်းအားပေါ်၊ ရွှင်ပျော်အားတက်၊**
**ပြန်သွားကြ၊**

www.dhammaransi.com



* မေတ္တာသုတ်ကို၊ ရွတ်ဆိုပွားများ၊
မေတ္တာထား၊ ကြိုးစားပို့လွှတ်ကြ၊

* မေတ္တာစွမ်းအား၊ မြတ်တရားကြောင့်၊
နတ်များချစ်ခင်၊ တရားမြင်၊
စွမ်းအင်တိုးလာရ၊

* မေတ္တာအစွမ်း၊ စိတ်အေးချမ်း၍၊
ရဟန်းငါးရာ၊ ဝါတွင်းမှာ၊
ဖြောင့်စွာကြိုးစားရ၊

* ဖြောင့်စွာကြိုးစား၊ အပါးငါးရာ၊
ရဟန္တာ၊ ကောင်းစွာဖြစ်ကုန်ကြ၊

* မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊
အကုန်ချမ်းသာရ၊

* မေတ္တာတရား၊ လူ့စွမ်းအား၊
ထူးခြားမြင့်တက်ရ၊

* * *

# မေတ္တာသည် ဝိပဿနာသုခ

မေတ္တာစွမ်းအားဟာ သာသနာပမှာရှိသော်လဲ သာသနာတွင်းကျတော့ ရတနာသုံးလုံးကို မှီခိုခွင့်ရတာလဲတစ်ကြောင်း၊ ဝိပဿနာနဲ့ အထွတ်တင်ခွင့်ရတာလဲတစ်ကြောင်းဆိုတော့ သာသနာပ

www.dhammaransi.com



မေတ္တာနဲ့ ဘယ်လိုမှ ယှဉ်လို့မရအောင် အစွမ်းထက်မြက် မြင့်တက်ပါတယ်။

ဒါကြောင့် ယောဂီပရိသတ်အပေါင်းသူတော်ကောင်းတွေ တရားအလုပ် အားထုတ်ပြီးနေတဲ့ အခါ မေတ္တာစွမ်းအားကိုလဲ အသုံးချကြရမှာပေါ့၊ မေတ္တာဟာ စိတ်ငြိမ်လွယ်တယ်၊ သမာဓိရလွယ်တယ်၊ သမာဓိရလွယ်တော့ ဉာဏ်မျက်လုံးဖွင့်လို့ ရတာပေါ့။

မေတ္တာအကျိုးတွေထဲမှာ ဝိပဿနာသုခလို့ အဘိဓမ္မာမှာလာတယ်၊ ဝိပဿနာကို လွယ်လွယ်ကူကူနဲ့ အားထုတ်နိုင်ခြင်း အကျိုးရှိတယ်၊ ဝိပဿနာပွားများလို့ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူနဲ့ အားထုတ်လို့လွယ်တယ်လို့ မေတ္တာအကျိုးအနေအားဖြင့် ပြထားပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသင်ပေးလိုက်တဲ့ အတိုင်း ရဟန်းတော်တွေ တကယ်တမ်း အားထုတ်လိုက်တာ လက်တွေ့အသုံးချလိုက်တာ စွမ်းအားရသွားကြတာပဲ။

*  *  *

www.dhammaransi.com

# ဘာသာတရားသည်
# ကိုးကွယ်ရုံသက်သက်မဟုတ်

ဘာသာတရားဆိုတာ ကိုးကွယ်ရုံသက်သက်မဟုတ်ပဲ လက်တွေ့အသုံးချရမှာပါ၊ အသုံးချတော့လဲ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးအလုပ်တွေထဲမှာ ထည့်ကိုအသုံးချရမှာပါ၊ စားဝတ်နေရေးနဲ့ တရားနှစ်ခြမ်းခွဲလို့ အချိန်မလောက်ပါဘူး၊ စီးပွားရေးနဲ့တရား နှစ်ခြမ်းခွဲထားဖို့ အချိန်ကမလောက်ပါဘူး၊ အချိန်တွေက အချိန်တိုင်း အဖိုးတန်ပါတယ်၊ လူမှုရေးအလုပ်နဲ့ တရားအလုပ် နှစ်ခြမ်းခွဲပစ်ဖို့ အချိန်ကမလောက်ပါဘူး၊

www.dhammaransi.com



သာသနာတွင်းမှာ အချိန်တိုင်းဟာ တန်ဖိုး ဆုံးဖြတ်လို့မရနိုင်ပါဘူး။

* * *

www.dhammaransi.com

# တရားယန္တရား(၄)ချက်

တရားအလုပ်လုပ်တော့မယ်ဆိုရင် အဓိက, ကတော့ စိတ်ကောင်းဖော်ထုတ်တဲ့ သဒ္ဓါ၊ စိတ်ကောင်းထိန်းသိမ်းတဲ့ သတိ၊ စိတ်ကောင်းကို တွန်းတဲ့ ဝိရိယ၊ စိတ်ကောင်းကို ခွဲခြမ်းစိတ်ဖြာလမ်းညွှန်အသုံးချပေးတဲ့ပညာ၊ တရားယန္တရား(၄)ချက်က အရေးတကြီး လိုအပ်ပါတယ်။

သဒ္ဓါတရားကင်းပျောက်တော့ လူဟာခြောက်ကပ်ကပ်ဖြစ်သွားတယ်၊ ဘာတွေပဲရှိရှိခြောက်ကပ်ကပ်ကြီး။

သတိတရားကင်းကွာသွားတော့ ရူးတူးတူးဖြစ်သွားတယ်၊ သတိလွတ်တဲ့အချိန်မှာ လူဟာအရူးလေးဖြစ်တဲ့အချိန်ပဲ၊ တစ်ခါတစ်ရံ လက်ထဲမှာသော့ကိုင်ထားပြီး သော့ရှာချင်ရှာနေတာ စသည်

www.dhammaransi.com



ဖြင့်ပေါ့၊ ကိုယ်, နှုတ်, စိတ်တွေဟာ တရားလမ်းကြောင်းပေါ်မရောက်ပဲ ချွတ်ချော်ပြီးတော့ နေတတ်တယ်။

ဝိရိယလွတ်ပြန်တော့ နု,တတဖြစ်တယ်၊ လက်ပါရဲ့သားနဲ့၊ ခြေပါရဲ့သားနဲ့ ခွန်အားတွေ တကယ်ရှိပါရဲ့သားနဲ့ အားတွေမထုတ်ဘဲ ဝိရိယလျော့ကင်းကွာသွားတော့ လူဟာ အနကြီးလိုဖြစ်သွားတယ်။

အသိပညာကင်းကွာသွားပြန်တော့ လူဟာ အ,တတကြီးလို ဖြစ်သွားပြန်တယ်၊ ရှိတာဘာမှမသိ၊ ကိုယ့်ခန္ဓာမှာတကယ်ရှိနေတာ၊ တကယ်ပြနေတာကိုမှ မြင်အောင်မကြည့်နိုင်၊ သိအောင်မလုပ်နိုင်ဘူးဆိုရင် အ,တတကြီး။

ဒါကြောင့် လူ့အစွမ်းကို တရားယန္တရား (၄)ချက်နဲ့တင်ပြီးတော့ မေတ္တာစတဲ့ သမာဓိအလုပ်၊ ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်ပြီးတော့ စိတ်နဲ့အပူခွာပေးတဲ့ ဝိပဿနာအလုပ်၊ ဘာဝနာလုပ်ငန်း(၂)ခုကြိုး စားအားထုတ်ပြီး လူ့အစွမ်းပြကြရမှာပဲ။

* * *

www.dhammaransi.com

# မေတ္တာရှေ့ပြေးကျင့်စဉ်

လူ့အစွမ်းပြတော့ မြတ်စွာဘုရားသင်ကြားပေးတဲ့ မေတ္တာပို့နည်းတွေထဲမှာ အတိုချုပ်ကလေးအာရုံပြုမယ်၊ မေတ္တာပွားပုံ(၁၁)နည်း၊ တစ်နည်းအားဖြင့် မေတ္တာ (၂၁)ကြိမ်ပွားပုံ၊ မေတ္တာ(၅၇)ကြိမ်ပွားပုံကို ဖော်ပြတယ်။

မေတ္တာရှေ့ပြေးကျင့်စဉ် (၁၅)ချက်ထဲမှာအားလုံးခြုံတော့ ' သက္ကော၊ စွမ်းနိုင်တယ်တဲ့၊ ဘာဝနာအားထုတ်သူရဲ့အစွမ်းမှာလဲ . . .

- **ယုံကြည်ကျန်းမာ၊ ရိုးဖြောင့်ကာ၊ မှန်စွာအားထုတ်မူ၊**

www.dhammaransi.com



*** ပညာတရား၊ ဤငါးပါး၊**

**ရှိကြောင်းစွမ်းတဲ့လူ**...ဆိုတဲ့ ဒီသင်္ကေတ တစ်လုံးတည်းနဲ့ အကုန်ပြီးသွားတာပါပဲ။

ယုံကြည်ချက်သဒ္ဓါတရား ရှိရမယ်၊ ကျန်းမာရေးကောင်းရမယ်၊ ရိုးဖြောင့်ရမယ်၊ မှန်ကန်စွာ အားထုတ်နိုင်ရမယ်၊ အသိပညာရှိရမယ်၊ အဲဒီငါးခု ရှိရင် သင်္ကေတစွမ်းနိုင်တာပဲ၊ စွမ်းနိုင်ရင် မေတ္တာ အလုပ်လုပ်နိုင်တာပဲ။

* * *

www.dhammaransi.com

# စွမ်းတဲ့သူဆိုရင်

လောကမှာ စွမ်းတဲ့လူဆိုရင် သဘောကျတာပဲ၊ ဘယ်သူဟာ တော်တော်စွမ်းဆိုပဲဗျ၊ ဘယ်ဆရာဝန်က တော်တော်စွမ်းဆိုပဲဗျနဲ့ စွမ်းတဲ့လူဆိုရင် အားကိုးကြတယ်လေ။

ဒါမျိုးလိုပေါ့၊ လူလဲ စွမ်းတဲ့လူဆိုရင် အားကိုးကြတာပေါ့၊ သီလ, သမာဓိ, ပညာ, သိက္ခာ (၃)ပါးကလဲ စွမ်းတဲ့ပုဂ္ဂိုလ်ထံသာ လာကြတယ်၊ မစွမ်းတဲ့အကျိုးတွေ၊ အ,အတွေထံ မလာကြဘူး။

ယုံကြည်ချက်သဒ္ဓါတရားကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ ကျန်းမာရေးကောင်းတဲ့ပုဂ္ဂိုလ်တွေ၊ ရိုးသားဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်တွေ၊ စွမ်းအားပေါ်အောင် တကယ်အားထုတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ၊ အားထုတ်ရင်

www.dhammaransi.com



အားထုတ်သလောက် စွမ်းအားပေါက်ရောက် အမြင်ရအောင် ဉာဏ်အသိပေါ်လာအောင် အားထုတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ၊ အဲသလို ပုဂ္ဂိုလ်တွေထံသာ တရားကလာတယ်။

* * *

www.dhammaransi.com

# မိမိသန္တာန်မှ လိုက်ကာ(၂)ချပ်

မေတ္တာပို့နည်း(၁၁)နည်းမှ ကေက(၁)ဝါရ ဒုက(၄)ဝါရ၊ တိက (၃)ဝါရ၊ အကျိုးမဲ့မှကင်း ပျောက်စေဖို့လို့ အာသီသပြုတဲ့ မေတ္တာက (၃)ခု၊ ပေါင်းလိုက်ရင် (၁၁)၊ ဒါမှမဟုတ် (၂၁) ကြိမ်၊ ရသလောက်ချဲ့ရင် (၅၇)ကြိမ်၊ ဘယ်လိုပွားပွား သမာဓိရဖို့သာ အဓိက။

ကိုယ့်သန္တာန်မှာ လိုက်ကာနှစ်ချပ်ကာထား တယ်၊ ကိလေသာ နီဝရဏလိုက်ကာကြီးကို သမာဓိနဲ့ဖွင့်ကြည့်ရတယ်၊ အတ္တဒိဋ္ဌိဆိုတဲ့ လိုက် ကာကြီးကိုတော့ ဝိပဿနာနဲ့ဖွင့်ရတယ်၊ သမာဓိရ တော့ သမာဓိမှ ဝိပဿနာသို့၊ ဝိပဿနာမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ တက်နိုင်ဖို့သာ အဓိကပဲ။

www.dhammaransi.com



မေတ္တာပွားတာ သမာဓိအလုပ်၊ သမာဓိရဖို့သာ အဓိက၊ အဲဒီမှာ အတိုချုပ်ကလေးပဲ အာရုံပြုကြမယ်၊ ဧကက(၁)ဝါရ၊ သတ္တဝါအကုန်လုံးကို ခြုံပြီးတော့ မေတ္တာပို့တာ။

* * *

www.dhammaransi.com

# မေတ္တာပို့စကား(၃)ခွန်း

သုခိနော ခေမိနော ဟောန္တု၊

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ၊

မေတ္တာပို့စကား (၃)ခွန်းပါတယ်၊ သုခိနော၊ ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါကင်းရှင်း၊ ကိုယ်ကျန်းမာခြင်းရှိကြကုန်သည်ဖြစ်ပါစေ၊ (ကိုယ် ချမ်းသာတာနဲ့ အနာရောဂါကင်းရှင်းလို့ ကျန်းမာတာ အဓိပ္ပာယ်အတူတူပါပဲ)

ခေမိနောက၊ အဝေရာဟောန္တုနဲ့ အတူတူပဲ၊ တွင်းပနှစ်တန်၊ ဘေးရန်ကင်းဝေး၊ ငြိမ်းအေးခြင်းရှိကြကုန်သည် ဖြစ်ပါစေ၊ ဘေးရန်တွေကင်းလို့ ငြိမ်းအေးကြပါစေ၊ ငြိမ်းအေးမှုဆိုတာ ပိုက်ဆံပေးဝယ်လို့ ရတာမှမဟုတ်ပဲ၊ စွမ်းအားကိုရအောင်ယူနိုင်မှ ပေါ်လာတဲ့အင်အားတွေ။

www.dhammaransi.com



သုခိတတ္တာ–နှလုံးစိတ်ဝမ်း၊ ရွှင်ကြည်လန်း၍၊ အေးချမ်းသော စိတ်ရှိကြကုန်သည် ဖြစ်ပါစေ ဆိုတာ စိတ်ချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်း ရွှင်ကြည်လန်းလို့၊ အေးချမ်းတဲ့စိတ်ရှိကြပါစေ၊ (၃–ခုပေါင်းတော့ "ဘေးရန်ကင်းကွာ၊ ကျန်းမာချမ်းသာကြပါစေ"၊ (၃)ခွန်းထည်းနဲ့ ပြီးတယ်။

ဒါကြောင့် သဗ္ဗသတ္တာ၊ တစ်ယောက်မကြွင်း၊ ခပင်းဥဿုံ၊ လုံးစုံများစွာ၊ သတ္တဝါတို့သည်၊ သုခိနောဝါ–ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါကင်းရှင်း၊ ကိုယ်ချမ်းသာခြင်းရှိကြကုန်သည်လည်း၊ ဟောန္တု–မုချမသွေ ဖြစ်ပါစေကုန်သတည်း။

ခေမိနောဝါ–တွင်းပနှစ်တန်၊ ဘေးရန်ကင်းဝေး၊ ငြိမ်းအေးခြင်းရှိကြကုန်သည်လည်း၊ ဟောန္တု–မေတ္တာတရား၊ လှူ့စွမ်းအားကြောင့်၊ ထူးခြားလှကာ၊ ကောင်းစွာမသွေ၊ ဖြစ်ကြပါစေကုန်သတည်း။

* * *

www.dhammaransi.com

# မေတ္တာသည် အလှဆုံးအင်အား

နတ်တန်ခိုးတွေကို ရဟန်းတော်အပါးငါးရာက မေတ္တာစွမ်းအားနဲ့ အနိုင်ယူလိုက်ကြတယ်၊ မေတ္တာတရား လူ့စွမ်းအားနဲ့ အနိုင်ယူ လိုက်တော့ ရဟန်းတော်တွေ နိုင်သွားကြတာပဲ၊ လောကမှာ မေတ္တာသည် အလှဆုံးအင်အားပေါ့။

* **လုံးစုံများစွာ၊ သတ္တဝါ၊**
  **နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**
  ကိုယ်ရောစိတ်ရော ချမ်းသာကြပါစေတဲ့။
* **ဆင်းရဲရန်ဘေး၊ ကင်းစင်ဝေး၊**
  **ငြိမ်းအေးကြပါစေ၊**

www.dhammaransi.com



တစ်ခါ သတ္တဝါတွေ နှစ်စုစီ နှစ်စုစီခွဲတာ၊ ဘယ်သူ့မှမချန်ပါဘူး၊ ဘယ်နှစ်စုပဲခွဲခွဲ ဘယ်သူမှ မကျန်ပါဘူး၊ သတ္တဝါအကုန်လုံး ကုန်တာပါပဲ၊ တရားနာပုဂ္ဂိုလ်ရဲ့ အဇ္ဈာသယကိုလိုက်ပြီး နာမည်အမျိုးမျိုးပြောင်းဟောတာ၊ ဝေါဟာရသည်လိုရင်း မဟုတ်၊ သမာဓိဆိုရဖို့သာ အဓိက၊ ကိုယ့်စိတ်ထဲက ပိုင်းချင်သလောက် ပိုင်းလို့ရတယ်။

* **တပ်မက်တတ်သူ၊ ကြောက်တတ်သူ၊**
  **ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊**

ရာဂမကင်းသေးလို့ တပ်မက်တတ်တဲ့ သတ္တဝါတွေ၊ ဒေါသမကင်းသေးလို့ ကြောက်တတ်တဲ့ သတ္တဝါတွေလဲ ဘေးရန်ကင်းကွာ၊ ကျန်းမာချမ်းသာကြပါစေ။

* **မတပ်မက်သူ၊ မကြောက်သူ၊**
  **ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊**

ရာဂကင်းပြီးလို့ မတပ်မက်တဲ့သတ္တဝါတွေ၊ ဒေါသကင်းပြီးလို့ ကြောက်လန့်ခြင်းကင်းတဲ့ သတ္တဝါတွေ (အဓိက ရဟန္တာပေါ့) ကိုယ်စိတ်ချမ်းသာကြပါစေ၊ အခြားအခြားသော ပုဂ္ဂိုလ်

www.dhammaransi.com



တွေလဲ တရားအင်အားရှိသလောက် တပ်မက်ခြင်း ကင်းကြ၊ ကြောက်လန့်ခြင်းကင်းကြတာပါပဲ။

*** မြင်အပ်ဖူးသူ၊ မြင်နိုင်သူ၊ ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊**

တစ်ချိန်တုန်းက တစ်နေရာရာမှာ တွေ့ခဲ့ မြင်ခဲ့ဖူးတဲ့ သတ္တဝါတွေ၊ ဒါမှမဟုတ် မြင်နိုင်တဲ့ သတ္တဝါတွေ၊ လောလောဆယ် အကြောင်းအမျိုးမျိုးကြောင့် မမြင်ရသေးသော်လည်း တကယ် တွေ့ဆုံလာတဲ့ အခါကျတော့ မြင်လို့ဖြစ်တဲ့သတ္တဝါတွေ၊ မျက်စိနဲ့မြင်ကောင်းတဲ့သတ္တဝါတွေ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

*** မမြင်ဘူးလတ်၊ မမြင်အပ်ပါ၊ သတ္တဝါ၊ နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

ခုထက်ထိ တစ်ခါမှ မတွေ့မမြင်ဖူးသေးတဲ့ သတ္တဝါတွေ မြင်ကိုမမြင်ရလို့၊ မြင်လို့မဖြစ်တဲ့ သတ္တဝါတွေ၊ အင်မတန်သေးငယ်တဲ့ ပိုးမွှားလေးတွေ၊ ရုပ်ကမရှိတော့အရူပဗြဟ္မာကြီးတွေ၊ အဘိညာဏ်စက္ခုနဲ့တောင် မမြင်နိုင်တဲ့ သတ္တဝါတွေအားလုံး ဘေးရန် ကင်းကွာ၊ ကျန်းမာချမ်းသာကြပါစေ။

* * *

www.dhammaransi.com

# နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ

အဝေးနဲ့အနီး၊ အဝေးဆိုရင် ဘယ်လောက်ဝေးတယ်၊ အနီးဆိုရင် ဘယ်လောက်နီးတယ်ဆိုတာ မိုင်တွေ၊ ပေတွေနဲ့ တိုင်းတာစရာမလိုပါ၊ ကိုယ့်စိတ်ထဲက စိတ်ကြိုက်ပိုင်းပါ။

အိမ်အပြင်ဘက် ဝေးတယ်ပေါ့၊ အိမ်ထဲဆိုနီးတယ်ပေါ့၊ ခန္ဓာကိုယ်အပြင်ဘက် ဝေးတယ်ပေါ့၊ ခန္ဓာကိုယ်ထဲ နီးတယ်ပေါ့၊ ကိုယ့်ရပ်ကွက်အပြင်ဘက် ဝေးတယ်ပေါ့၊ ကိုယ့်ရပ်ကွက်အတွင်း နီးတယ်ပေါ့၊ ကိုယ့်မြို့အပြင်ဘက်ရောက်တော့ ဝေးတယ်ပေါ့၊ ကိုယ်မြို့ထဲက နီးတယ်ပေါ့။

အာရုံနဲ့စိတ်ကပ်ပြီးတော့ အာရုံကိုပုံဖော်၊ သမာဓိရအောင်ပွားနိုင်ဖို့သာ အဓိက။

*** အဝေးဒေသ၊ နေကြမျှားစွာ၊ သတ္တဝါ၊ နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ။**

www.dhammaransi.com



* **အနီးဒေသ၊ နေကြမျှားစွာ၊ သတ္တဝါ၊ နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ။**

အဝေးမှာနေတဲ့ သတ္တဝါတွေအကုန်လုံး ဆွေရင်းမျိုးရင်းတွေ ဖြစ်ခဲ့ဘူးတာကြောင့် ဆွေစိတ်မျိုးစိတ်ထားပြီးတော့ မေတ္တာတွေပို့လွှတ်ပါတယ်၊ အားလုံးချမ်းသာကြပါစေ။ အနီးနေသတ္တဝါတွေလဲအားလုံး ချမ်းသာကြပါစေ။

တစ်ခါ, ဘဝသံသရာလမ်းဆုံးပြီးတဲ့ဖြစ်ခြင်းကိစ္စပြီးတဲ့ ရဟန္တာတွေ၊ တစ်နည်းအားဖြင့် မွေးဖွားပြီးတဲ့သတ္တဝါတွေပေါ့၊ ဘဝသံသရာလမ်း မဆုံးသေးလို့၊ ကံကိုရှာတုန်းဖြစ်တဲ့ သေက္ခပုထုဇဉ်တွေ တစ်နည်းအားဖြင့် မွေးဖွားတုန်း၊ မွေးဖွားဆဲသတ္တဝါလေးတွေ ချမ်းချမ်းသာသာ မွေးဖွားနိုင်ကြပါစေ၊ (ဘယ်သူမှချန်မထားဘူး)

* **ဘဝဆုံးသူ၊ ဖြစ်ပြီးသူ၊ ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊**

* **ဘဝရှာတုန်း၊ မဆုံးသေးသူ၊ ဖြစ်ဆဲဟူ၊ ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊**

ဒါက ၃လေးဝါရ၊ လေးနှစ်လီရှစ်၊ ရှေ့က တစ်နဲ့ပေါင်းကိုး၊ နောက်က တိက(၃)ဝါရ။

www.dhammaransi.com



*** ရှည်သောခန္ဓာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

ရှည်သောခန္ဓာကိုယ်ရှိတဲ့ မြွေစတဲ့ သတ္တဝါတွေ၊ လူဆိုရင်လဲ အရပ်ရှည်သူတွေပေါ့။

*** တိုသောခန္ဓာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ။**

ခန္ဓာကိုယ်တိုတဲ့၊ ကြွက်စတဲ့သတ္တဝါလေးတွေ လူမှာလဲ အရပ်ပုတဲ့လူတွေ၊ ဘယ်လောက်ရှည်ရင် ရှည်တယ်၊ ဘယ်လောက်တိုရင် တိုတယ်လို့ ပေတန်တွေနဲ့ တိုင်းတာနေစရာမလိုပါ၊ စိတ်ထဲက ရှည်ချင်သလောက်ရှည်ပါ၊ ရှည်ချင်သလို ရှည်ပါ၊ တိုချင်သလိုတိုပါ၊ သမာဓိရဖို့ ပျံ့နှံ့ဖို့သာ အဓိကပါ။

*** ရှည်,တို,ကြားမှာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

မတို,မရှည်၊ ကျွဲ, နွား စတဲ့ သတ္တဝါတွေ၊ လူမှာလဲ အရပ်မရှည်,မပု၊ အလယ်အလတ် စိတ်ကြိုက်ပိုင်းပါ၊ သူတို့လဲ ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာကြပါစေ။

www.dhammaransi.com



* **ကြီးသောခန္ဓာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

ကြံ့၊ ဆင်၊ ငါးကြီး၊ အသူရိန်တို့ စတဲ့ ခန္ဓာကိုယ်အလွန်ကြီးတဲ့ သတ္တဝါတွေ၊ ပိုးမွှားတွေ၊ လူမှာလဲ လူကြီး၊ လူလတ်၊ လူငယ်ပေါ့၊ သူတို့တွေလဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

* **ကြီးသောခန္ဓာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

* **ငယ်သောခန္ဓာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

* **ကြီး,ငယ်ကြားမှာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

တချို့ပုဂ္ဂိုလ်တွေ မေတ္တာသုတ်ကို အလွတ်ကျက်၊ နေ့စဉ်ဝတ်ထားပြီး ရွတ်နေကြတာ အမှန်တော့ ဒီအလုပ်တွေပဲ၊ ဒါကို ကိုယ်က ဘာဝနာသတ္တိ အပြည့်ရအောင် ဖော်ထုတ်ပေးရမှာပေါ့။

* **ဆူဖြိုးလှစွာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

ခန္ဓာကိုယ်ဝဖြိုးတဲ့ ကြံ့၊ လိပ် စတဲ့သတ္တဝါတွေ၊ ခန္ဓာကိုယ် သေးငယ်ပိန်လှီတဲ့ အိမ်မြှောင်စတဲ့

www.dhammaransi.com



သတ္တဝါတွေ၊ မဆူ၊ မကြုံ၊ အလယ်အလတ်ကျတဲ့ ခွေး၊ ကြောင် စတဲ့ သတ္တဝါတွေ၊ လူမှာလဲ လူဝကြီး၊ လူပိန်တွေ၊ မပိန်မဝ အလယ်အလတ်တွေ၊ ကိုယ့်စိတ်ကြိုက် ပိုင်းချင်သလောက်ပိုင်းပါ၊ သမ္မုတိပညတ်စကားပါ၊ သမာဓိရဖို့သာ အဓိက၊ မိမိရဲ့မေတ္တာအအေးဓာတ် လောကထဲ အကုန်ပျံ့သွားဖို့သာ အဓိကပါ။

* **ဆူဖြိုးလုံစွာ၊ သတ္တဝါ၊**
  **နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**
* **ကြုံလှီလုံစွာ၊ သတ္တဝါ၊**
  **နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**
* **ဆူ,ကြုံကြားမှာ၊ သတ္တဝါ၊**
  **နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**
* **ဆင်းရဲရန်ဘေး၊ ကင်းစင်ဝေး၊**
  **ငြိမ်းအေးကြပါစေ၊**

၃ x၃ လီ ၉ ရှေ့က ၉ နဲ့ပေါင်းတော့ ၁၈၊ နောက်က အကျိုးမဲ့ ကင်းကြပါစေလို့ မေတ္တာပို့ ၃–ခုပေါင်းတော့ ၂၁–ကြိမ်၊ အဲသလိုခွဲယူလို့လဲ ရတာပဲ၊ တစ်နည်းအားဖြင့် ၃ ခုကို တစ်ခုချင်း ခွဲလိုက်၊ ၅၇ ကြိမ်တောင် ပေါ်လာပါတယ်။

* * *

www.dhammaransi.com

# မပြုရှောင်ပါစေ

တစ်ခါ, အကျိုးမဲ့မှုကင်းဖို့ မေတ္တာပို့တဲ့ (၃)ခုက...

* **သတ္တဝါများ၊ စိတ်ထားညစ်ကျူ၊ လှည့်ပတ်မှု၊ မပြုရှောင်ပါစေ၊**

သတ္တဝါအချင်းချင်း လှည့်ပတ်ခြင်းကင်းကြပါစေ၊ မိသားစုစိတ်ဓာတ်နဲ့ အေးအတူ ပူအမျှ ဖြောင့်ဖြောင့်မတ်မတ်၊ မှန်မှန်ကန်ကန်နဲ့ ဆက်ဆံလို့ အကျိုးဆောင်၍ အားထုတ်နိုင်ကြပါစေ၊ ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေလို့ မေတ္တာပို့ပေးတာ။

* **မထီမဲ့မြင်၊ အထင်သေးမှု၊ ထောင်လွှားမှု၊ မပြုရှောင်ပါစေ၊**

တစ်ယောက်နဲ့တစ်ယောက် မထီမဲ့မြင်မလုပ်ကြပါစေနဲ့၊ မာန်မာနတွေထောင်လွှားခြင်း၊ ကျွတ်

www.dhammaransi.com



ဆတ်ဆတ်၊ မာကျောကျောပုံစံမျိုးနဲ့ မဆက်ဆံကြပါစေနဲ့၊ အေးအတူပူအမျှ အေးမြကြည်လင် နူးညံ့သိမ်မွေ့တဲ့ မေတ္တာနှလုံးသားလေးတွေနဲ့ ဆက်ဆံနိုင်ကြပါစေလို့ မေတ္တာဓာတ်ပို့ လွှတ်ပေးတာ။

*** ကြီးနိုင်ငယ်ညှဉ်း၊ ဆင်းရဲစေလို၊**
**ညှဉ်းဆဲလိုမှု၊ နှိပ်စက်မှု၊**
**မပြုရှောင်ပါစေ၊**

ကြီးနိုင်ငယ်ညှဉ်း၊ ဆင်းရဲစေလိုတဲ့စိတ်မျိုး၊ ညှဉ်းဆဲလိုတဲ့စိတ်မျိုး၊ နှိပ်စက်လိုတဲ့စိတ်မျိုး မရှိကြပါစေနဲ့၊ ချမ်းသာစေချင်တဲ့ စိတ်ကောင်းစိတ်မြတ်လေးနဲ့သာ အေးအတူပူအမျှ လောကအကျိုးကို ဆောင်ရွက်ပြီးတော့ အများချမ်းသာအောင်သာလျှင် အားထုတ်နိုင်ကြပါစေ၊ ချမ်းသာကိုသာလျှင် လိုလားကြပါစေလို့ မေတ္တာဓာတ်ပို့လွှတ်တာ၊ အတိုချုပ်ကတော့ မေတ္တာပို့နည်း၊ ဒါ အကုန်ပဲ။

*** လုံးစုံများစွာ၊ သတ္တဝါ၊**
**နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊**

*** ဆင်းရဲရန်ဘေး၊ ကင်းစင်ဝေး၊**
**ငြိမ်းအေးကြပါစေ၊**

www.dhammaransi.com



* တပ်မက်တတ်သူ၊ ကြောက်တတ်သူ၊
ကြည်ဖြူကိုယ်စိတ် ချမ်းသာစေ၊
* မတပ်မက်သူ၊ မကြောက်သူ၊
ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊
* မြင်အပ်ဖူးသူ၊ မြင်နိုင်သူ၊
ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊
* မမြင်ဘူးလတ်၊ မမြင်အပ်ပါ၊ သတ္တဝါ၊
နှစ်ဖြာကိုယ်စိတ် ချမ်းသာစေ၊
* အဝေးဒေသ၊ နေကြများစွာ၊ သတ္တဝါ၊
နှစ်ဖြာကိုယ်စိတ် ချမ်းသာစေ၊
* အနီးဒေသ၊ နေကြများစွာ၊ သတ္တဝါ၊
နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ဘဝဆုံးသူ၊ ဖြစ်ပြီးသူ၊
ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊
* ဘဝရှာတုန်း၊ မဆုံးသေးသူ၊ ဖြစ်ဆဲဟူ၊
ကြည်ဖြူကိုယ်စိတ် ချမ်းသာစေ၊
* ဆင်းရဲရန်ဘေး၊ ကင်းစင်ဝေး၊
ငြိမ်းအေးကြပါစေ၊
* ရှည်သောခန္ဓာ၊ သတ္တဝါ၊
နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊

www.dhammaransi.com



* တိုသောခန္ဓာ၊ သတ္တဝါ၊
  နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ရှည့်,တိုကြားမှာ၊ သတ္တဝါ၊
  နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ကြီးသောခန္ဓာ၊ သတ္တဝါ၊
  နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ငယ်သောခန္ဓာ၊ သတ္တဝါ၊
  နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ကြီးငယ်ကြားမှာ၊ သတ္တဝါ၊
  နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ဆူဖြိုးလုံးစွာ၊ သတ္တဝါ၊
  နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ကြုံလှီလုံးစွာ၊ သတ္တဝါ၊
  နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ဆူ,ကြုံကြားမှာ၊ သတ္တဝါ၊
  နှစ်ဖြာကိုယ်စိတ်ချမ်းသာစေ၊
* ဆင်းရဲရန်ဘေး၊ ကင်းစင်ဝေး၊
  ငြိမ်းအေးကြပါစေ၊
* သတ္တဝါများ၊ စိတ်ထားညစ်ကျူ၊
  လှည့်ပတ်မှု၊ မပြုရှောင်ပါစေ၊

www.dhammaransi.com



* **မထီမဲ့မြင်၊ အထင်သေးမှု၊ ထောင်လွှားမှု၊ မပြုရှောင်ပါစေ၊**
* **ကြီးနိုင်ငယ်ညှဉ်း၊ ဆင်းရဲစေလို၊ ညှဉ်းဆဲလိုမှု၊ နှိပ်စက်မှု၊ မပြုရှောင်ပါစေ၊**

ဒါကြောင့် သုခိတတ္တာဝါ–နှလုံးစိတ်ဝမ်း၊ ရွှင်ကြည်လန်း၍၊ အေးချမ်းသောစိတ် ရှိကြကုန်သည်လည်း၊ ဘဝတ္တု–မေတ္တာတရား၊ လူ့စွမ်းအားကြောင့်၊ ထူးခြားလှကာ၊ ကောင်းစွာမသွေ ဖြစ်ကြပါစေကုန်သတည်း။

* * *

# ဝိပဿနာဉာဏ်မှန်ဘီလူး ချဲ့ကြည့်လိုက်တဲ့အခါ

နောက်ဆုံးကျတော့ မြတ်စွာဘုရားက ဒိဋ္ဌိဥ္စအနုပဂ္ဂမ္မ ဝိပဿနာ ပွားပုံလေးပြတယ်၊ ခုနက ပြောခဲ့တဲ့ ပုဂ္ဂိုလ်သတ္တဝါအမျိုးမျိုး ခွဲဟောလိုက်တာ၊ ဒါက ဝေါဟာရစကားပါလေ၊ဝိပဿနာဉာဏ်မှန်ဘီလူးကိုတပ်ပြီး ချဲ့ကြည့်လိုက်တဲ့အခါမှာ ရုပ်, နာမ်, ခန္ဓာပဲရှိတယ်။

www.dhammaransi.com



မေတ္တာပို့တဲ့ပုဂ္ဂိုလ်သန္တာန်က ပို့လွှတ်လိုက်တဲ့စိတ်တွေ၊ အသိစိတ်တွေရော မေတ္တာခံပုဂ္ဂိုလ်သန္တာန်မှာဖြစ်ပေါ်နေကြတဲ့ ရုပ်နာမ်တရားတွေ အကုန်လုံး ခန္ဓာ၊ ရုပ်နာမ်တွေပါ။

ဒါတွေဟာလဲပဲ တစ်စက္ကန့်တောင် ရပ်နေကြတဲ့တရား မရှိပါဘူး၊ အကြောင်းကြောင့်ဖြစ်၊ အကြောင်းရှိသလိုဖြစ်၊ အကြောင်းရှိတာကြောင့်ဖြစ်၊ အကြောင်းရှိသလောက်ဖြစ်၊ ကန့်သတ်ချိန်စေ့ရင်ပျက်၊ ပျက်တိုင်း နိုပ်စက်၊ ဆိုင်ခွင့်သာပေး၊ အပိုင်မပေးတဲ့ သဘောတရားတွေပါ။

မေတ္တာနဲ့ သမာဓိရအောင်ပွားပြီး (တစ်နည်းအားဖြင့်) မေတ္တာ သမာဓိနဲ့ ကိလေသာနီဝရဏလိုက်ကာဖွင့်ပြီး နောက်ထပ် အတ္တဒိဋ္ဌိလိုက်ကာကို ဝိပဿနာနဲ့ဆက်ဖွင့်ပြီး ကြည့်ရမှာကို ပြပါတယ်။

### * ပုဂ္ဂိုလ်သတ္တဝါ၊ မရှိပါ၊ ခန္ဓာရုပ်နာမ်စု၊

ပုဂ္ဂိုလ်သတ္တဝါက သမာဓိရအောင်သာ ဝေါဟာရအနေနဲ့ခွဲပြီး ပွားတာ၊ ဝိပဿနာမှန်ဘီလူးတပ်ကြည့်လိုက်တဲ့အခါ ပုဂ္ဂိုလ်သတ္တဝါ မရှိပါဘူး၊ ခန္ဓာရုပ်နာမ်အစုသာ ရှိတယ်။

www.dhammaransi.com



*** ငါ, ငါ့ဥစ္စာ၊ မဟုတ်ပါ၊ ခန္ဓာဉာဏ်ဖြင့်ရှု၊**

ဒိဋ္ဌိဥ္စအနုပဂ္ဂမ္မက ဒါပြောတာ၊ ငါလဲမရှိပါ၊ ငါ့ဟာလဲမရှိပါ၊ စကားအနေနဲ့သာပြောကြတာပါ၊ ဘဝသံသရာတလျှောက်လုံး တငါငါ တငါငါနဲ့ ပါးစပ်ကစွဲခဲ့ကြသော်လဲပဲ စိတ်ကစွဲခဲ့ကြသော်လဲပဲ အချိန်တန်တော့ လက်လွှတ်ခဲ့ရတာချည်းပဲ၊ သဘောမတူလို့ ပူလောင်ခဲ့ရတာလဲ အများကြီး ပေါ့။

*** ငါ ငါ့ဥစ္စာ၊ မဟုတ်ပါ၊ ခန္ဓာဉာဏ်ဖြင့်ရှု၊**

*** ရုပ်နာမ်ခန္ဓာ၊ မမြဲပါ၊**
**ကောင်းစွာဉာဏ်ဖြင့်ရှု၊**

ရုပ်နာမ်ခန္ဓာတွေလဲ ဘယ်ဟာမှခိုင်မြဲတာလို့ မရှိ၊ တစ်စက္ကန့်လေးတောင် ရပ်တည်နိုင်စွမ်းရှိတဲ့ ရုပ်နာမ်တစ်ခုမှမပါ၊ တစ်စက္ကန့် အတွင်းမှာတောင် အကြိမ်သိန်းနဲ့ချီပြီး ပြောင်းနေတဲ့ရုပ်နာမ်တွေ၊ ဝိပဿနာဆက်ပွားပုံကို ပြတယ်။

*** ရုပ်နာမ်ခန္ဓာ၊ မမြဲပါ၊**
**ကောင်းစွာဉာဏ်ဖြင့်ရှု၊**

*** ဒိဋ္ဌိကင်းကွာ၊ သန့်ရှင်းကာ၊**
**ရောက်လာမဂ်ဖိုလ်စု၊**

ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သွားတယ်။

www.dhammaransi.com



*** ဆင်းရဲငြိမ်းရာ၊ နိဗ္ဗာန်မှာ၊ ကောင်းစွာမျက်မှောက်ပြု၊**

မဂ်တရား၊ ဖိုလ်တရားရတော့ နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြုလို့ရပြီပေါ့၊ ရဟန်းတော် အပါး ငါးရာလဲ ဒီအတိုင်းပဲအားထုတ်ကြလို့ မေတ္တာ သမာဓိမှ ဝိပဿနာ၊ ဝိပဿနာမှ မဂ်ဉာဏ်ဖိုလ် ဉာဏ် ရောက်ခဲ့ကြတာပဲ၊ ရဟန္တာတောင် ဖြစ်ခဲ့ ကြပါတယ်။

* * *

www.dhammaransi.com

# ရုပ်မြင်နာမ်ကြားစက်

ဒါကြောင့်မို့ ကိလေသာနိဝရဏ လိုက်ကာကို သမာဓိနဲ့ဖွင့်၊ အတ္တဒိဋ္ဌိလိုက်ကာကြီးကိုတော့ ဝိပဿနာနဲ့ဖွင့်၊ ယောဂီပရိသတ်အပေါင်း သူတော်ကောင်းတွေ၊ ယခု ခန္ဓာဖွင့်ကြည့်နေကြတယ်။

ခန္ဓာဖွင့်ကြည့်တာကို အရပ်စကားနဲ့ပြောရင် တီဗွီဖွင့်ကြည့်တာဗျ၊ အိမ်မှာ တီဗွီနေ့တိုင်းကြည့်ကြတယ်၊ အသံလွှင့်ရုံက လွှင့်လိုက်တဲ့ ရုပ်တွေ အသံတွေ သူတို့လွှင့်သလောက် ကြည့်ပေတော့။

ဟော...ပြီးသွားရော၊ ဘာရသတုန်းဗျ၊ ဘယ်နားဘာဖြစ်တယ်ဆိုပဲဗျ၊ ဘယ်နားက ဘယ်လို,ဘယ်လိုသတင်းပဲဗျ၊ ဗဟုသုတ ဘယ်လို, ဘယ်လိုတိုးပါတယ်ဗျ၊ ဗဟိဒ္ဓအကြောင်းတွေပြောလို့ဖြစ်တယ်၊ အဇ္ဈတ္တအကြောင်းကို ဘာမှမသိလိုက်ပါဘူး။

www.dhammaransi.com



အရွတ္တရုပ်နာမ်အကြောင်းမသိ၊ အငိုတိတ်၊ အကြောက်ပြေ၊ အပူငြိမ်းနိုင်မယ့် သတ္တိများပေါ်၍ မလာပါ၊ အလံလွှင့်ရုံက လွှင့်သမျှတော့ အကုန်ကြည့်ပေတော့။

ခန္ဓာတီဗွီခေါ်တဲ့ ရုပ်မြင်နာမ်ကြားစက်ကြီး၊ ဟိုကလွှင့်တဲ့ ရုပ်နဲ့ အသံကိုတော့ တီဗွီခေါ်တဲ့ ရုပ်မြင်သံကြားစက်နဲ့ ဖမ်းယူကြည့်ကြတယ်၊ ခန္ဓာက ပြလိုက်တဲ့ဟာတွေကိုတော့ ကိုယ်က ဝိပဿနာနဲ့ဖမ်းပြီးတော့ ကြည့်ရပါတယ်၊ ရုပ်မြင်သံကြားတော့ မဟုတ်ဖူး၊ ရုပ်မြင်နာမ်ကြားစက်ကြီး။

ဝိပဿနာခေါ်တဲ့မျက်လုံးလေးနဲ့ဟောဒီခန္ဓာလို့ခေါ်တဲ့ ရုပ်မြင်နာမ်ကြားစက်ကြီးကို ဖွင့်ကြည့်ပါ။

ဖွင့်ကြည့်လိုက်တော့ ပကတိတီဗွီလို နားပူတာလဲမပါ၊ မျက်စိနောက်စရာလဲမရှိ၊ သမာဓိပျက်စရာလဲ ဘာမှမပါ၊ ငြိမ်လို့၊ ကြည့်လိုက်ရတာငြိမ်းချမ်းလို့။

ဟယ်...ဟုတ်လိုက်တာနော်၊ အကြောင်းရှိတော့ ရုပ်နာမ်တွေဖြစ်လာပြန်ပြီ၊ သိတတ်တဲ့အသိ

www.dhammaransi.com



စိတ်ကလေးရယ်၊ သိစရာဖြစ်တဲ့ ရုပ်တရား နာမ်တရားလေးတွေရယ်၊ ထင်ရှားတာက ရုပ်တရားပေါ့၊ မထင်ရှားတဲ့နာမ်လဲ ရှေ့စိတ်ဖြစ်ပြီး နောက်စိတ်တွေ အပူစင်၊ ကြည့်ဖြစ်တာပေါ့။

သိတတ်တဲ့စိတ်ကလေးနဲ့ သိစရာရုပ်နာမ်လေးတွေ၊ ဒီက ငါ,လို့ တစ်လုံးပြောကာရှိသေးသူတို့က အကြိမ်သိန်းနဲ့ချီပြီး ပြောင်း သွားပြီးပြီတဲ့၊ ဘယ်ရုပ်နာမ်မှ ငါတစ်လုံးဆုံးအောင် မနေကြဘူး။

ဒီက ငါ့ဟာလို့ ပြောကာရှိသေး၊ သူက အကြိမ်သိန်းနဲ့ချီပြီး ပြောင်းသွားကြပြီလေ၊ ငါ့ဟာလို့လဲ ရုပ်နာမ်တွေတစ်ခုမှ အခေါ်မခံနိုင်ကြပါလား၊ ငါကဖြင့် စွဲလိုက်ရတာ၊ သိပြီ၊သိပြီ၊ တီဗွီဖွင့်ကြည့်တော့ သိရပြီဗျို့၊ သတင်းကောင်းတွေကြားရပြီဗျို့၊ အနိစ္စသတင်းတွေ၊ ဒုက္ခသတင်းတွေ၊ အနတ္တသတင်းတွေ၊ အငိုတိတ်၊ အကြောက်ပြေ၊ အပူငြိမ်းနိုင်တဲ့ သတ္တိစွမ်းအားတွေရပြီ၊ ငါ့လောက်အရတော်တဲ့သူ ရှိသေးလို့လား။

ခန္ဓာတီဗွီလို့ခေါ်တဲ့ ရုပ်မြင်နာမ်ကြားစက်ကြီးကိုဖွင့်ကြည့်တဲ့ ပုဂ္ဂိုလ်တွေ၊ စွမ်းအားကို

www.dhammaransi.com



ရကြလို့၊ မေတ္တာစွမ်းအားတင် ဘယ်ကလို့လဲ၊ တရားအစွမ်းနဲ့ လူ့စွမ်းအားတွေ ပြနိုင်ကြပြီ၊ သာသနာက လူ့အစွမ်းပြဖို့ပေါ်လာတာပဲ၊ ဒါကြောင့် ရဟန်းတော်အပါးငါးရာလဲ ခန္ဓာတိဗ္ဗိ ကြည့်ပြီး ရဟန္တာဖြစ်ကြတာပဲ။

ယခု, ယောဂီပရိသတ်အပေါင်း သူတော်ကောင်းတွေလဲ ခန္ဓာတိဗ္ဗိ နေ့တိုင်းကြည့်နေကြတယ်၊ ရိပ်သာကြီးထဲလာပြီး ကြိုးကြိုးစားစား ခန္ဓာတိဗ္ဗိကြည့်နေကြတယ်၊ အရှိသိရပြီပေါ့။

- **ပုဂ္ဂိုလ်သတ္တဝါ၊ မရှိပါ၊ ခန္ဓာနာမ်ရုပ်စု၊**
- **ငါ့ ငါ့ဥစ္စာ၊ မဟုတ်ပါ၊ ခန္ဓာဉာဏ်ဖြင့်ရှု၊**
- **ရုပ်နာမ်ခန္ဓာ၊ မမြဲပါ၊**
  **ကောင်းစွာဉာဏ်ဖြင့်ရှု၊**
- **ဒိဋ္ဌိကင်းကွာ၊ သန့်ရှင်းကာ၊**
  **ရောက်လာမဂ်ဖိုလ်စု၊**
- **ဆင်းရဲငြိမ်းရာ၊ နိဗ္ဗာန်မှာ၊**
  **ကောင်းစွာမျက်မှောက်ပြု၊**

*   *   *

www.dhammaransi.com

# လမ်းညွှန်ကျင့်စဉ် အပြည့်အစုံ

ဒါကြောင့် နိဗ္ဗာန်မျက်မှောက်ပြုသည်အထိ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရသည်အထိ လမ်းဆုံးအထိ လမ်းညွှန်ကျင့်စဉ်အပြည့်အစုံ လမ်းညွှန်ထားတဲ့ မေတ္တာတရား၊ လူ့စွမ်းအား မေတ္တာသုတ်တရား။

ဒါကြောင့် မိမိတို့နေ့တိုင်းလဲ တရားစွမ်းအားကို ရအောင်ယူကြ ရမှာပေါ့၊ ခုနပြောတဲ့ သဒ္ဓါ၊ သတိ၊ ဝိရိယ၊ ပညာ၊ အားချိန်ကိုလုံးဝမတောင်းပါဘူး၊ ပိုက်ဆံတစ်ပြားမှ မတောင်းပါဘူး။

အလုပ်တွေများတယ်ဗျ၊ မအားဘူးဗျာ၊ အလုပ်တွေက အရမ်းရှုပ်တာပဲဗျဆိုရင် ခုန,တရားလေးလုံးလွတ်သွားလို့ သူပြောတာ၊ သူ ပြောတဲ့ စကားသံကို နားထောင်ကြည့်ပါ။

သဒ္ဓါတရားလွတ်တော့ ခြောက်ကပ်ကြီးပါလား၊ သတိကင်းလွတ်တော့ သူပြောတဲ့စကားတွေက ရှုးတူးတူးကြီးပါလား၊ ဝိရိယကင်းလွတ်

www.dhammaransi.com



တော့ သူပြောတဲ့စကားတွေက န,တတကြီးပါ လား၊ လူနစကားတွေပါလား၊ အသိပညာမပါ တော့ သူပြောတဲ့စကားတွေက အ,တတကြီးပါ လား၊ ဒါဟာ လူအပုံစံကြီးတွေပဲ၊ ရှိတာလေးမှ သိအောင်မလုပ်။

သာသနာနဲ့တွေ့ကြုံခိုက် ဘယ်နှယ် ခြောက် ကပ်ကပ်ကြီးအဖြစ်ခံနိုင်မတုန်း၊ ဘယ်အရူးပုံစံနဲ့လဲ သွားနိုင်မတုန်း၊ လက်ထဲမှာကိုင်ထားတာ ကုသိုလ် ထုပ်ပေါ့၊ မအားတဲ့အလုပ်တွေက တရားအလုပ်ပဲ ပေါ့၊ ဝိရိယလေးပိုထုတ်လို့ ဖြစ်နိုင်ရက်သား၊ ဘယ့်နှယ် လူနကြီးလို နေနိုင်ပါ့မလဲ။

သာသနာကပေးထားတဲ့ ဉာဏ်မျက်လုံးကို ရထားပါရက်သားနဲ့ ဘယ့်နှယ်လုပ် အကန်းပုံစံ၊ အ,တကြီးနေလို့ ဖြစ်ပါ့မလဲ၊ လိမ္မာပါးနပ်စွာနဲ့ ယူတတ်လို့ရှိရင် တရားစွမ်းအားဆိုတာ ရကြ တာပဲ။

ဒါကြောင့် မေတ္တာတရား လူ့စွမ်းအား၊ မေတ္တာသမာဓိအခြေခံ၊ အေးချမ်းတဲ့နှလုံးသားနဲ့ ခန္ဓာလေးတွေကြည့်ပြီးတော့ ခန္ဓာတိဗ္ဗိ နေ့တိုင်းဖွင့် ကြိုးစားကြရမယ်ပေါ့။

* * *

www.dhammaransi.com

# ကိလေသာနိဝရဏသည်မီး

လက်ထဲမှာတိုးလာတဲ့အရာတွေက ဒုက္ခသစ္စာထုပ်တွေပဲ၊ ကိုယ့်ဆီမှာ ခုနက သမာဓိနဲ့ရှင်းမပေးလို့ရှိရင် ကိလေသာနိဝရဏတွေ များလာမယ်၊ ကိလေသာနိဝရဏဆိုတာ မီးပဲ။

ပိုက်ဆံပေါရင် ချမ်းသာတော့မှာ၊ ပစ္စည်းတွေပေါရင် ချမ်းသာတော့မှာ၊ မျှော်လင့်ချက်ကလေးနဲ့နေတယ်၊ ဟော...တိုးလာတယ်ဗျာ၊ ပေါလာကြပြီဗျာ။

ပေါလာကြ ဖြစ်လာကြတာတွေက ဒုက္ခသစ္စာတွေ၊ လောင်စာတွေပါလား၊ ကိုယ့်သန္တာန်မှာ သမာဓိလေးနဲ့ နည်းနည်းလေးမှမရှင်းနိုင်တော့ ကိလေသာနိဝရဏတွေက နည်းနည်းလေးမှ နောက်မဆုတ် ချင်ကြဘူး၊ နည်းနည်းလေးမှ စိတ်ကိုလွှတ်မပေးကြတော့ မီးတွေချည်း။

www.dhammaransi.com



ချမ်းသာရမယ်လို့ ကိုယ်က မျှော်လင့်ချက် ကလေးနဲ့ မျှော်နေတယ်၊ ရုပ်ဝတ္ထုပစ္စည်းတွေ တိုးလာကြပြီ၊ ဒုက္ခသစ္စာထုပ်ကြီးတွေ လောင်စာ တုံးကြီးတွေ။

လောင်စာနဲ့မီးတွေ့တော့ လောင်လိုက်တာ၊ နက်ဖြန်တော့ ချမ်းသာမှာပါလေ၊ နောက်လဆို တော့ ချမ်းသာတော့မယ်၊ လောလောဆယ် ပစ္စုပ္ပန် ချမ်းသာလိမ့်မယ်မှတ်ပြီး မျှော်လိုက်တာ၊ လက်ထဲ ရောက်တော့ မချမ်းသာ။

သမာဓိစွမ်းအားနဲ့ ကိလေသာနီဝရဏလိုက် ကာကြီးကို မခွာနိုင်တော့၊ မဖွင့်နိုင်တော့ မီးလေး တွေကို ငြိမ်းအေးအောင်မလုပ်နိုင်တော့ လောင် စာနဲ့မီး တွေ့တိုင်းတွေ့တိုင်း လောင်လိုက်ရတာ တွေ၊ လောင်နေတာကိုပဲ ပုထုဇဉ်တွေက ပြော ချင်ပြောလိုက်တာပေါ့လေ၊ ကယောင်ကတမ်းပေါ့။

ဒါကြောင့်မို့ လောင်နေတဲ့ဥစ္စာတွေကို မိမိက မီးငြိမ်းရမယ်၊ ကိုယ့်မီးကိုယ်ငြိမ်းရမယ်၊ မီးငြိမ်း တာက သမာဓိ၊ ခုနပြောတဲ့ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာ အဲဒီစွမ်းအားတွေနဲ့ ဆောင်ရွက် လို့ရှိရင် မီးငြိမ်းတယ်။

* * *

www.dhammaransi.com

# တရားထမင်းအိုး၊ ဟင်းအိုးတွေမှောက်ကုန်မယ်

မီးဖိုပေါ်မှာတင်ထားတဲ့ ထမင်းအိုးတို့၊ ဟင်းအိုးတို့၊ ဆူပွက်နေတဲ့အချိန်များ လက်နှီးအဝတ်မပါပဲ လက်နဲ့သွားကိုင်စမ်းကြည့်ပါ၊ လောင်လိုက်မှာသေချာတယ်၊ လောင်လိုက်တော့ ကယောင်ကတမ်းနဲ့ လွှတ်ချလိုက်ပါရောဗျာ။

www.dhammaransi.com



လွှတ်ချလိုက်တော့ ထမင်းအိုး, ဟင်းအိုးတွေ မှောက်ကုန်ရော၊ လောင်လဲ လောင်သေး၊ စားလဲ မစားရဘူး။

အဲဒီအတိုင်းပဲ၊ တရားမပါတဲ့ပုဂ္ဂိုလ်တွေ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စမျိုးစုံ တွေကို လုံးလည်ချာလည်လိုက်၍ တောင်ဘက် စိတ်ကူးပေါက်၊ တောင်ဘက်ထပြေး၊ အစီအစဉ် တော့မရှိပါဘူး၊ မြောက်ဘက်စိတ်ကူးပေါက်ပြန်၊ မြောက်ဘက်ထပြေး၊ ကယောင်ကတမ်းနဲ့ထပြေး၊ အစီအစဉ်တော့မရှိဘူး။

လက်နှီးအဝတ်မပါပဲ သွားကိုင်တော့ လောင် တာပဲ၊ လောင်တော့ ကယောင်ကတမ်းနဲ့လွှတ်ချ၊ တရားထမင်းအိုးတွေအကုန်မှောက်၊ တရားဟင်း အိုးတွေ အကုန်မှောက်၊ ညပိုင်းရောက်တော့ စာရင်းချုပ်ကြည့်၊ လက်ကျန်မရှိတဲ့။

ဒါနလဲမပေါ်ဘူး၊ သီလလဲမပေါ်ဘူး၊ သမာဓိ လဲမပေါ်ဘူး၊ ဝိပဿနာလဲအဝေးကြီး၊ လက်ကျန် မရှိတဲ့၊ မအားတာတော့မဟုတ်ဘူးဗျ၊ သဒ္ဓါကင်းလို့ ခြောက်ကပ်ကပ်ဖြစ်နေတာ၊ သတိကင်းလို့ ရှုး တူးတူးဖြစ်နေတယ်၊ ဝီရိယကင်းလို့ နတတဖြစ်နေ

www.dhammaransi.com



တယ်၊ ပညာကင်းလို့ အတတဖြစ်နေတယ်၊ ဒါ ကြောင့် လွတ်သွားတာ။

တရားထမင်းအိုးတွေ၊ တရားဟင်းအိုးတွေ၊ လက်နီးအဝတ် (တရားအဝတ်)မပါပဲ သွားကိုင် မိတော့ပူလောင်၊ ပူလောင်တော့ လွှတ်ချ၊ လွှတ်ချ တော့မှောက်ကုန်တာ၊ ကုန်လိုက်တဲ့ စရိတ်က နည်းတာမဟုတ်ဖူး၊ စာရင်းချုပ်ကြည့်တော့ လက်ကျန်မရှိတဲ့၊ နောက်နေ့ရောက်လာ ပြန်ရော လက်ကျန်မရှိ၊ နောက်တစ်နေ့လာပြန်ရော လက် ကျန်မရှိ၊ လက်ကျန်မရှိရင် ပူရမှာပေါ့လေ။

* * *

# သတိပဋ္ဌာန်အဝတ်ထူထူလေးနဲ့ကိုင်ပါ

လက်နီးအဝတ်ထူထူလေးနဲ့ ထမင်းအိုး၊ ဟင်းအိုး ဆူပွက်နေတာကိုကိုင်တော့ လောင်လဲ မလောင်ဘူး၊ စနစ်တကျချက်ပြီး ကျက်တော့ စားနိုင်တာပေါ့။

www.dhammaransi.com



ဒါမျိုးလိုပဲ၊ တရားအသိ သတိပဋ္ဌာန်အဝတ် ထူထူလေးနဲ့ ကိုင်လိုက်တဲ့အခါမှာ လောင်စရာ လောင်စာတွေ တွေ့ပေမယ့် မလောင်ပါဘူးဗျ၊ လောင်လဲမလောင်ဘူး၊ တရားထမင်းဟင်းလဲ ဝဝကြီး စားရတယ်ဗျာ၊ လက်ကျန်ရတယ်ဗျာ၊ လက်ကျန်ကျန်တော့ အားရှိတာပေါ့။

တစ်နည်းအားဖြင့် တရားမပါပဲနဲ့ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးအလုပ်လုပ်ကြတယ်ဆိုတာ ထင်းတွေပုံပြီး မီးရှို့တာနဲ့တူတယ်၊ အိမ်ဝင်းထဲ ထင်းတွေပုံထား၊ ဘာလုပ်မလဲလို့ သူများကမေးတော့ သုံးမှာတဲ့၊ ချက်ပြုတ်မှာတဲ့။

ဒါပေမယ့် သူက ဘာစိတ်ကူးပေါက်မှန်းမသိ၊ အကုန်လုံး မီးပုံရှို့ပစ်လိုက်တယ်၊ ထင်းပုံကြီးအကုန်မီးလောင်၊ မီးသွေးခဲတောင်မရ၊ အကုန်ပြာကျကုန်တယ်၊ ဘာမှမချက်လိုက်၊ မပြုတ်လိုက်ရဘူး၊ ခုနပြောတဲ့ လက်ကျန်မရှိဘူး။

အဲဒါမျိုးလိုပဲ၊ တရားအသိမပါပဲ စားဝတ်နေရေး၊ စီးပွားရေးလုပ်နေကြမယ်ဆိုရင် လောင်နေတာပဲရှိမယ်၊ ဘာတွေရရ အချိန်တန် ကုန်မှာပဲရှိတယ်၊ ကုန်မှာကြီးတွေ ရထားတာကိုး။

www.dhammaransi.com



ဒီနေ့ ဘယ်နှစ်သိန်းရလာပြန်ပြီ၊ ဘာရရ ကုန်မှာပဲ၊ ဘာပစ္စည်း တော့ ဒီနေ့ ရလာပြန်ပြီ၊ ဘာရရလေ ကုန်မှာပဲ၊ ပုံပြီးမီးရှို့မှာပဲ၊ ဘာမှ မထူးဘူး၊ လက်ကျန်မရှိတဲ့ဗျ။

ထင်းပုံကြီးကိုအရမ်းမီးမရှို့ဘဲ ထမင်းချက်ချိန်တန်တော့ ထမင်းအိုးချက်တဲ့အခါ ထမင်းအိုးနဲ့ တန်အောင် ထင်းကိုယူဆိုက်တယ်၊ မီးရှို့ပစ်တာ မဟုတ်ဖူး၊ မီးဆိုက်တာ၊ အသုံးချတာ၊ ထင်းတော့ ကုန်တယ်၊ သို့သော် ထမင်းကျက်တော့ အားရှိတယ်၊ လက်ကျန်ရှိတာကိုး။

ဟင်းအိုးချက်ချိန်ရောက်ပြန်တော့ ဟင်းအိုးနဲ့ တန်အောင် ထင်းတွေယူဆိုက်တယ်၊ ထင်းတော့ ကုန်တယ်၊ သို့သော် ဟင်းကျက်တယ်၊ ဒါမျိုး စသည်ပေါ့၊ လက်ကျန်လေးတွေပေါ်တယ်။

* * *

## ပိုက်ဆံမတောင်းဘူး၊ တရားသာပေး

တရားယန္တရား လေ့ကျင့်ခန်းမှာ မေတ္တာ တရား လူ့စွမ်းအားပြတဲ့ ပုဂ္ဂိုလ်တွေ မိသားစု

www.dhammaransi.com



အချင်းချင်း ကျွေးရတာ ပျော်စရာအလှူပွဲကြီးပါလား။

“မင်းတို့ကို ငါကျွေးမယ်ဟေ့၊ ငါ့အတွက် ဒါနနဲ့မေတ္တာ အနည်းဆုံးတော့ပေးကြ၊ ပိုက်ဆံကို ငါမတောင်းဘူး၊ တရားသာပေး”

“ဟေ့–ခန္ဓာ မင်းကိုငါကျွေးမယ်၊ အနည်းဆုံး သီလ, သမာဓိ, ဝိပဿနာကို ကျွေးခအဖြစ် ငါ့ပြန်ပေး”

အသိရှိတဲ့ပုဂ္ဂိုလ် ဘယ်အလကား အကုန်ခံမလဲ၊ အချိန်နဲ့ အင်အားဖြုန်းတီးမှုကိုမပါစေပဲ စွမ်းအားလေးတွေယူ။

ယူသွားတော့ ကုန်တော့ကုန်တယ်ဗျ၊ သို့သော် တစ်ဖက်က စွမ်းအားရတယ်၊ အရမ်းမီးရှို့မပစ်ဘူး၊ မီးဆိုက်တာ၊ အသုံးချတာ၊ အဲသလိုဆိုရင် တရားစွမ်းအားနဲ့ မေတ္တာတရားရော၊ ဝိပဿနာရော၊ သမာဓိစွမ်းအားရော ကြိုးစားပြီးတော့ဖြည့်ကြရမှာပေါ့။

www.dhammaransi.com



ဒါကြောင့် ကတပုညတံ–ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို၊ ကတပုညတံ–မေတ္တာတရား လူ့စွမ်းအားကြောင့်၊ ထူးခြားလှကာ၊ ကောင်းစွာပွားတိုး၊ လူ့တန်ခိုးကို၊ ပဏ္ဍိတာ–ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့သည်၊ ပသံသန္တိ–ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် မေတ္တာတရား လူ့စွမ်းအားတရားနာကြားကြရတဲ့ ဓမ္မသဝနမင်္ဂလာနဲ့ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့် ဘေးရန် အပူခပ်သိမ်း၊ လွတ်ငြိမ်းကြ၍ ကောင်းကျိုး ချမ်းသာများ တိုးတက်ပြည့်စုံကြပြီးလျှင် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်၊ အားကိုးစရာ ကိုယ်ပိုင်ကောင်းမှုတရား၊ တိုးပွားအောင် ကြိုးစားနိုင်လွယ်ကြလျက်၊ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ အသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို လွယ်ကူသော အကျင့်၊ လျှင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တ

www.dhammaransi.com



ဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

* * *

www.dhammaransi.com

# နမောဗုဒ္ဓဿ

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော) ဆရာတော်

*[ သာသနာတော်နှစ် ၂၅၄၁–ခု၊ ကောဇာသက္ကရာဇ် ၁၃၅၉–ခုနှစ်၊ တပေါင်း လဆန်း ၁၁ ရက်၊ ၁၉၉၈–ခုနှစ် မတ်လ(၈)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ လှိုင်ရတနာပရိယတ္တိစာသင်တိုက်အတွင်း၌ အောင်စကြာ စေတီတော်မြတ်ဘုရားအား (၃၃)ကြိမ်မြောက် အာမိသ၊ ဓမ္မ နှစ်ဌာနတို့ဖြင့် ပူဇော်ကြသည့် ဗုဒ္ဓပူဇနီယ၊ ဗုဒ္ဓပူဇာမင်္ဂလာကောင်းမှု အကြောင်းပြု၍ ကောင်းမှုတရား ကြီးစားပွဲလုပ် အားထုတ်ကြသည့်အခါတွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။ ]*

နမောဗုဒ္ဓဿဆိုတာ မြန်မာလို ဘုရားရှိခိုး တရားပေါ့ . . .၊

www.dhammaransi.com



ဗုဒ္ဓသဩ–တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား၊ နမော–ရှိသေမြတ်နိုး, လက်စုံမိုးကာ၊ ရှိခိုးပါ၏ မြတ်စွာဘုရား . . .။

တရားက တိုလဲတို၊ ရိုးလဲရိုးဆိုတော့ သာဓုခေါ်စရာမှ ဟုတ်ရဲ့လားလို့တောင် သံသယရှိစရာဖြစ်သွားတယ်၊ နမောဗုဒ္ဓဿဆိုတာ နှစ်လုံးထဲကိုး၊ ဘုရားဂုဏ်တော်ဆိုတာ အသချေ်ယျ၊ အပ္ပမေယျ၊ ရေတွက်လို့လဲမရ၊ တိုင်းတာကန့်သတ်လို့လဲမရ၊ ဂုဏ်တော်တွေက အနန္တပဲ။

အဲဒီဂုဏ်တော်အကုန်လုံးဟာ ဗုဒ္ဓဆိုတဲ့ စကားတစ်လုံးထဲမှာ အကုန်လုံး အကျုံးဝင်သွားတယ်၊ 'ဗုဒ္ဓ'တစ်လုံးပြောလိုက်တာနဲ့ ဘုရားဂုဏ်တော်တွေအကုန်လုံး ခြုံမိ ငုံမိသွားတယ်၊ ဒါကြောင့် ဂုဏ်တော်အနန္တ နဲ့ ပြည့်စုံတဲ့ဘုရားကို အာရုံပြုပြီးတော့ တပည့်တော်တို့ရှိခိုးပါတယ်ဘုရား၊ အာမိသ, ဓမ္မ, နှစ်ဌာနတို့ဖြင့် ပူဇော်ကြပါတယ် ဘုရားလို့ အဲသလို အာရုံပြုကြရမယ်။

* * *

www.dhammaransi.com

# ကိစ္စအားလုံးပြီးဆုံးသောပုဂ္ဂိုလ်

## * သစ္စာလေးခိုင်၊ ကိုယ်တော်တိုင်၊ လှမ်းကိုင်အရယူ။

တရားဟော တရားနာပုဂ္ဂိုလ်တွေ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ၊ သိ,ပယ်,ဆိုက်,ပွားဆိုတဲ့ သစ္စာ(၄)ပါး အမှန်တရားမသိခဲ့ကြလို့ သံသရာမှာ ကျွမ်းထိုးမှောက်ခုန် နိမ့်လိုက်မြင့်လိုက်, မြင့်တဲ့ အခါက နည်းနည်း၊ နိမ့်တာကများများ တက်တာ က တစ်ခါတစ်ရံလေး၊ ဆင်းရတာက များများ။

ရှုံ့လိုက်၊ မဲ့လိုက်၊ ငိုလိုက်၊ သူများတွေ အသတ်ခံခဲ့လို့ မချိမဆန့်သေခဲ့ရတာတွေလဲ ရေ တွက်လို့မရ၊ သူများတွေနှိပ်စက်လို့ မချိမဆန့် ခံခဲ့ရတဲ့ဒုက္ခတွေ၊ ကိုယ့်ရဲ့ခန္ဓာကိုယ်ကြီး သင်္ခါရ

www.dhammaransi.com



နှိပ်စက်ခံခဲ့ရလို့ ဆင်းရဲခဲ့ရတာတွေ၊ သံသရာမှာ ရေတွက်တိုင်းတာလို့မရအောင် များလှပြီ။

အဲဒီသစ္စာလေးပါး အမှန်တရားကို ဘုရားကိုယ်တော်မြတ်သည် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ သိတော်မူပြီးပါပြီတဲ့။

ဗုဒ္ဓဆိုတာ ကိစ္စအကုန်လုံးပြီးဆုံးသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ရဲ့နာမည်ပါ၊ ဟိုဟိုဒီဒီပုဂ္ဂိုလ်တွေက လက်ညှိုးထိုးပြီး ဟောဒီပုဂ္ဂိုလ်ကလဲ ဗုဒ္ဓဗျလို့ ပြောလို့ဖြစ်တာမဟုတ်ပါဘူး။

* * *

www.dhammaransi.com

# တရားအမှန်ကို မဖောက်မပြန်သိသောပုဂ္ဂိုလ်

* **မဖောက်မပြန်၊ တရားမှန်၊ ကေန်သိတော်မူ၊**

တရားအမှန်ကို မဖောက်မပြန် ကေန်မချွတ် သိတော်မူပါတယ်၊ သတ္တဝါတွေအတွက် မှန်ကန်သော တရားကို လမ်းညွှန်ပေးချင်တော့ ရှေးဦးစွာ ကိုယ်တော်တိုင်ကမှန်ကန်တဲ့တရားကို အတိအကျ အပြည့်အဝသိရအောင်၊ မြင်ရအောင် ကြိုးစားတော်မူပါတယ်။

သူများကိုပေးချင်တဲ့ပုဂ္ဂိုလ် ကိုယ်ရှိမှဖြစ်မှာပေါ့၊ သူများကို သနားတော့ကော ကိုယ့်မှာပေးစရာ

www.dhammaransi.com



မရှိရင် ဘာတတ်နိုင်မှာမို့လဲ၊ ဒါကြောင့် သူများကို လမ်းပြချင်ရင် ကိုယ်က အရင်ဆုံးလမ်းသိအောင် လုပ်ရတယ်။

* * *

www.dhammaransi.com

## မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားတော်မူသောပုဂ္ဂိုလ်

* **အမှန်တရား၊ သိစေခြား၊ နိုးကြားပွင့်တော်မူ၊**

ဗုဒ္ဓဆိုတဲ့စကားလုံးက ကိုယ်ကိုယ်တိုင်သာ သိတာမဟုတ်ဖူး၊ ဓမ္မနဲ့ထိုက်တန်တဲ့ အခြား,အခြား သောသတ္တဝါတွေကိုလဲပဲ သိအောင် လမ်းညွှန် ပေးတော်မူတယ်၊ သူများကိုလဲ လမ်းညွှန်ပေးတော် မူတယ်၊ သူများကိုလဲ သိစေတော်မူတယ်၊သိအောင် တရားကောင်းတရားမှန်များကို လမ်းညွှန်ပေး တော်မူတယ်။

ဗုဒ္ဓဆိုတဲ့စကားက နိုးကြားဆိုတဲ့အဓိပ္ပာယ် ပြတယ်၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားတော်မူပြီးပြီ၊ ကိလေသာတည်းဟူသော

အိပ်ပျော်ခြင်းမှ နိုးကြားတော်မူပြီးပြီ၊ သတ္တဝါအနန္တ ကတော့ မောဟထဲမှာ အိပ်ပျော်လို့နေကြတုန်း၊ သတ္တဝါပုထုဇဉ်အနန္တတွေဟာ ကိလေသာနဲ့ အိပ်ပျော်လို့နေကြတုန်းပဲ။

သဗ္ဗညုမြတ်စွာဘုရားက ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတော်မူပြီးပြီ၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတော်မူပြီးပြီ။

မောဟဆိုတာ သံသရာတစ်ခုလုံးကို ချုပ်ကိုင်ထားတဲ့ အမှောင်ကြီးပေါ့၊ မောဟအမှောင်ကို အကာအကွယ်ယူပြီးတော့ တဏှာဆိုတဲ့ သမုဒယသစ္စာဟာ သောင်းကျန်းချင်တိုင်း သောင်းကျန်း၊ ချယ်လှယ်ချင်တိုင်း ချယ်လှယ်၊ သတ္တဝါတွေကို ဖြားယောင်းချင်တိုင်း ဖြားယောင်း၊ သွေးဆောင်ချင်တိုင်းသွေးဆောင်၊ လှည့်ပတ်ချင်တိုင်းလှည့်ပတ်နေတာ၊ မောဟအမှောင်ကို အကာအကွယ်ယူထားလို့ပါ။

အဲဒီမောဟ အိပ်ပျော်ခြင်းမှ (ဘုရားသည်) နိုးတော်မူပြီးပြီတဲ့၊ သံသရာခရီးသည်တွေမှာ အဝိဇ္ဇာနဲ့ တဏှာကြိုးကြီးနှစ်ချောင်းရှိတယ်၊ အလွန်

www.dhammaransi.com



ခိုင်တဲ့ကြိုးကြီးနှစ်ချောင်းပေါ့၊ အဲဒီကြိုးကြီးနှစ်ချောင်းဟာ ဆင်းရဲဒုက္ခအပူတွေ တည်ဆောက်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌနဲ့ အကျိုးဆောင်ပါ။

အဝိဇ္ဇာဆိုတဲ့ မောဟက ဆင်းရဲဒုက္ခအပူတည်ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌကြီးပါ၊ တဏှာဆိုတဲ့ လောဘက ဆင်းရဲဒုက္ခအပူတည်ဆောက်ရေးအဖွဲ့ကြီးရဲ့ အကျိုးဆောင် အတွင်းရေးမှူးချုပ်ကြီးပါ၊ သူချယ်လှယ်နေတာ။

အဲဒီ အပူခပ်သိမ်း အမှောင်ခပ်သိမ်းတို့မှ မြတ်စွာဘုရားသည် နိုးကြားတော်မူပြီးပြီ၊ လွတ်မြောက်တော်မူပြီးပြီ။

ပုထုဇဉ်ရဲ့စိတ်ဆိုတာ တရားအလုပ်လက်လွတ်ရင် မောဟအမှောင်ထဲ ဝင်ခိုတာပဲ၊ မောဟအမှောင်ခိုလိုက်တာနဲ့ စိတ်ကလေး မှောင်သွားတယ်၊ မှောင်သွားတာနဲ့ မိုက်တော့တာပဲ၊ ဘာမှမမြင်ဘဲ မိုက်တော့တာပဲ။

မိုက်ပြီဆိုရင် ရိုင်းပြီ၊ ရိုင်းလာပြီဆိုတဲ့အခါ ရမ်းကားတော့တာပဲ၊ စိတ်တင်မကဘူး၊ ကိုယ်ရောနှုတ်ရော ပါလာတယ်၊ ရမ်းကားလာတဲ့အခါမှာ

www.dhammaransi.com



ဒုက္ခ ရောက်ရတယ်၊ ကိုယ်နှင့်ပတ်သက်သူတွေပါ ဒုက္ခ ရောက်ကြရတယ်။

အဲဒီအမိုက်ဓာတ်ခင်းပြီးပေးတဲ့ မောဟ အမှောင် မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ မြတ်စွာဘုရား နိုးကြားတော်မူ ပြီးပြီ၊ အဲသလို ဉာဏ်နဲ့အာရုံပြုမှ စွမ်းအားတွေရကြမယ်၊ ဘုရား ထံက ဓာတ်သတ္တိတွေလဲ ကိုယ့်ထံ ကူးလာမှာပေါ့။

လောကမှာ ပန်းငုံလေးတွေဟာ နေအရဏ် (နေရောင်)နဲ့ ထိတွေ့တာနဲ့တစ်ပြိုင်နက် ငွားငွား စွင့်စွင့် ကားကားပွင့်ပြီးလာသလိုပေါ့၊ ဗောဓိသတ္တ တည်းဟူသော ဘုရားလောင်းဆိုတဲ့ ပန်းငုံကလဲပဲ မဇ္ဈိမပဋိပဒါဆိုတဲ့နေရောင်နဲ့ ထိတွေ့ရတဲ့အခါ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ပန်းပွင့်ကြီး ငွားငွားစွင့်စွင့်, ကားကားကြီးပွင့်တော်မူတယ်၊ ဒါကြောင့်မို့ ဘုရားပွင့်တယ်၊ ဘုရားပွင့်တယ်ဆိုတာ အဲဒီ စကားပြောတာ။

* * *

www.dhammaransi.com

# ဘုရားရှိခိုးခြင်းသည် ဘုရားထံမှ ခွင့်တောင်းယူတာ

* **မြတ်ဗုဒ္ဓဟာ၊ ကျော်ကြားမှု၊ လွှမ်းပြုဂုဏ်တစ်ဆူ၊**

မြတ်ဗုဒ္ဓရဲ့ဂုဏ်ကို ဘယ်သူမှဖုံးဖိထားလို့မရ၊ ဘယ်သူကမှလဲ ဆိုင်းဘုတ်ကြီးတပ်ပြီး ကြော်ညာနေစရာမလို၊ ဘယ်သူမှ အသံချဲ့စက်ကြီးနဲ့ လိုက်အော်နေစရာလဲမလို၊ တစ်လောကလုံးမှာ လွှမ်းခြုံပြီးတော့သွားတဲ့ ဂုဏ်ပုဒ်ပါ။

www.dhammaransi.com



## * မြတ်ဗုဒ္ဓဂုဏ်၊ ပွားများထုံ၊ ဉာဏ်ဟုန်ထက်မြက်ဟူ၊

ဗုဒ္ဓရဲ့တရားအလုံးစုံ၊ အကုန်သိမြင်တဲ့ဂုဏ်ကို အာရုံပြုပြီးပူဇော်တဲ့ပုဂ္ဂိုလ် ဉာဏ်ကြီးတယ်၊ ဉာဏ်အဟုန်တွေမြင့်မားတယ်၊ ဉာဏ်ထက်တယ်၊ ဉာဏ်သွက်တယ်။

ဘုရားရှိခိုးတယ်ဆိုတာ ရှင်းရှင်းပြောတော့ ဘုရားထံက ဓာတ်သတ္တိတွေ ကိုယ့်နှလုံးသားခန္ဓာအိမ်ကို ကူးစက်ယူတာပါလား။

လောကမှာ မြစ်,ချောင်း,တွင်း,ကန်ထဲမှာ ရှိတဲ့ ရေချိုရေကောင်း ကိုယ့်အိမ်ရောက်စေချင်တော့ အိုးနဲ့ခပ်ကြတယ်၊ ပုံးနဲ့ခပ်ကြတယ်၊ ပိုက်လိုင်းတွေနဲ့ သွယ်ယူကြတယ်၊ ယူနိုင်သလောက် ကိုယ့်အိမ်ရောက်တာပဲ။

ဒါမျိုးလိုပေါ့၊ စွမ်းအားတော်အနန္တပိုင်ရှင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားထံမှ မိမိရဲ့ခန္ဓာနှလုံးအိမ်အတွင်းသို့ သဒ္ဓါ,ပညာဆိုတဲ့ ပိုက်လိုင်းတွေ၊ ပုံးတွေ၊ အိုးတွေနဲ့ သွယ်ပြီးတော့ခပ်ယူကြတာ၊ ဘုရားရှိခိုးတာဟာ ဒါပဲ၊ ရေခပ်ကြတာ။

www.dhammaransi.com



ဘုရားထံက ဉာဏ်ခါတ်တွေ၊ တန်ခိုးခါတ်တွေ၊ စွမ်းအား ခါတ်တွေ ကိုယ့်နှလုံးသားအစဉ်ကို ပြောင်းပြီးတော့မှ ခပ်ယူသွယ်ယူကြတာ၊ အဲသလို နားလည်ရင် ဘုရားရှိခိုးမပျင်းတော့ဘူး၊ စွမ်းအား ကိုယူတာ။

* **သဗ္ဗာလေးနိုင်၊ ကိုယ်တော်တိုင်၊**

  **လှမ်းကိုင်အရယူ၊**

* **မဖောက်မပြန်၊ တရားမှန်၊**

  **ကေန်သိတော်မူ၊**

* **အမှန်တရား၊ သိစေပြား၊**

  **နိုးကြားပွင့်တော်မူ၊**

* **မြတ်ဗုဒ္ဓဟု၊ ကျော်ကြားမူ၊**

  **လွှမ်းပြုဂုဏ်တစ်ဆူ၊**

* **မြတ်ဗုဒ္ဓဂုဏ်၊ ပွားများထုံ၊**

  **ဉာဏ်ဟုန်ထက်မြက်ဟူ၊**

ဒါကြောင့် ဗုဒ္ဓသဃ–တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ကိုယ် တော်မြတ်ကြီးအား၊ နမော–

www.dhammaransi.com



ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ မြတ်စွာ ဘုရား။

* * *

www.dhammaransi.com

# အတိုဆုံးဘုရားရှိခိုး

"တပည့်တော်တို့က အလုပ်တွေများတယ် ဘုရား၊ ဘုရားရှိခိုးချင်ပေမယ့် ဘုရားရှိခိုးကျက်ဖို့ အချိန်ကမရဘူးဘုရား" လို့ တချို့ပုဂ္ဂိုလ်တွေက ပြောတာကြားဖူးတယ်။

ဘုရားရှိခိုးဖို့၊ ဘုရားရှိခိုးကျက်ဖို့ အချိန်မရတဲ့ ပုဂ္ဂိုလ်များအတွက် အတိုဆုံးသော ဘုရားရှိခိုး (ဒီထက်တိုတဲ့ဘုရားရှိခိုး မရှိပါဘူး)၊ ဗုဒ္ဓ တစ်လုံးထဲနဲ့ ဘုရားဂုဏ်အကုန်ပါသွားတာ၊ ကိုယ်က သဒ္ဓါ၊ ပညာ၊ အင်အားစိုက်ထုပေးဖို့ပဲ လိုပါတယ်။

ဗုဒ္ဓဆိုတာ ဓမ္မနဲ့ထိန်းထားတာ၊ ခုနက သရဏဂုံသုံးပါးမှာ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ အမှတ်တမဲ့ဆိုတော့ ဘယ်နှစ်ခေါက်ဆိုဆို ဘာမှထူးတယ်လို့ မထင်လိုက်ပါဘူး၊ ရိုးနေပြီပဲ။

www.dhammaransi.com



သဒ္ဓါ၊ ပညာ၊ အင်အားလေးကိုသွင်းပြီး တော့မှ အာရုံပြုကြည့်စမ်းပါ၊ ဘယ်နှစ်ခါက်ဆိုဆို ရိုးသွားတယ်၊ ဟောင်းသွားတယ်မရှိပါဘူး၊ အီသွား တယ်၊ ဝသွားတယ်မရှိပါဘူး။

သူများရွတ်တာကို ဘယ်နှစ်ခေါက် နား ထောင် နားထောင် ရိုးသွားတယ်မရှိပါဘူး၊ ဝသွား တယ် မရှိပါဘူး၊ ဒါကတည်းက အတွင်းမှာ အစွမ်းသတ္တိတွေ ခိုအောင်းနေပြီဆိုတာ သေချာ သွားပြီ။

လောကမှာ အင်မတန်နားထောင်ကောင်းတဲ့ သီချင်းတွေ ဆိုဖန်များတော့ရိုးတာပဲ၊ နားထောင် ဖန်များတော့လဲ နားပူလာတာပဲ၊ ဗုဒ္ဓသရဏဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိကို သဒ္ဓါ၊ ပညာနဲ့ အင်အားသွင်းပြီးတော့ဆိုလိုက်တဲ့အခါမှာ ဘယ်နှစ်ခေါက်ဆိုဆို ရိုးသွားတယ်လို့မရှိပါဘူး။

မရိုးရုံတင်မဟုတ်ဖူးလေ၊ ပထမအခေါက် ထက် ဒုတိယအခေါက် က တန်ခိုးသတ္တိတိုးလာပြီး ဒုတိယအခေါက်ထက် တတိယအခေါက်က စွမ်း အားသတ္တိတွေတိုးလာပြီး အတိုးသာရှိတယ်၊ သူ့မှာ အီသွားတယ်၊ ဝသွားတယ်၊ ရိုးသွားတယ်လို့

www.dhammaransi.com



မရှိပါဘူး၊ ဘာကြောင့်တုန်းဆိုတော့ စွမ်းအားတွေက ပါနေလို့။

* * *

# ဓမ္မဆိုတာ လူတွေသွားရမယ့်လမ်းကြောင်း

သရဏဂုံသုံးပါးမှာ အလယ်က ဓမ္မဆိုတာ ရှေးကဗုဒ္ဓကိုလဲ ထိန်းပေးတယ်၊ နောက်က သံဃာကိုလဲ ထိန်းပေးတယ်။

ဓမ္မဆိုတာ လူတွေသွားရမယ့်လမ်းကြောင်းကိုလဲပြတယ်၊ လူတွေလုပ်ရမယ့် စည်းကမ်းမူဘောင်ကိုလဲ သတ်မှတ်ပေးတယ်၊ လူတွေထားရမယ့် ရည်ရွယ်ချက်ကိုလဲ ပြတယ်၊ အဲဒါကို ဓမ္မလို့ခေါ်ပါတယ်။

လူဆိုတာ စည်းကမ်း၊ မူ၊ ဘောင်၊ လုပ်ငန်းဆိုတာရှိရမှာပေါ့၊ လမ်းကြောင်းဆိုတာလဲ ရှိရမှာပေါ့၊ ရည်ရွယ်ချက်၊ ဦးတည်ချက်ဆိုတာလဲ ရှိရမှာပေါ့။

www.dhammaransi.com



ရည်ရွယ်ချက်မရှိတဲ့ ပုဂ္ဂိုလ်ရဲ့လမ်းကြောင်း ဆိုတာ အဖိုးတန် အချိန်ကောင်းတွေကို အလကား ဖြုန်းတီးနေတာပဲ၊ ရည်ရွယ်ချက်ဘာမှ မရှိပါဘူး လို့ ပြောတဲ့ပုဂ္ဂိုလ်ဟာ အဖိုးတန်ဘဝရဲ့ ကောင်း မြတ်လှတဲ့ အချိန်တွေကို အလကားဖြုန်းနေသူ တစ်ယောက်သာ ဖြစ်မယ်။

ဒါကြောင့် ဓမ္မဆိုတာ လူတွေလုပ်ရမယ့် စည်းကမ်းမူဘောင်ကိုလဲ သတ်မှတ်ပေးတယ်၊ လူတွေသွားရမယ့်လမ်းကြောင်းကိုလဲ လမ်းဖော် ပေးတယ်၊ လူတွေထားရမယ့်ရည်ရွယ်ချက်ကိုလဲ ဖော်ပြလို့ပေးတယ်။

ဓမ္မလမ်းကြောင်းရောက်တဲ့ပုဂ္ဂိုလ် ဘယ် တော့မှ အချိန်မဖြုန်း၊ ဘယ်တော့မှ ဘဝကို အလကားမဖြုန်း၊ ဘယ်တော့မှလဲ ပစ္စည်းဥစ္စာ တွေကို အလကားမဖြုန်း၊ အသုံးဘက်ရောက် အောင် လိမ္မာပါးနပ်စွာ ယူတတ်တယ်။

အဲဒီဓမ္မက ရှေးက ဗုဒ္ဓကိုလဲ အလင်းရောင် ညှိထွန်းတယ်၊ ဘုရားက ရှိမှမရှိတော့ပဲ၊ အဲဒီမရှိ တော့တဲ့ဘုရားကို ဗုဒ္ဓလို့သိနေရတာ ဘာကြောင့် လဲ၊ အလယ်က ဓမ္မကြောင့်။

www.dhammaransi.com



ယခုလို လှိုင်ရတနာပရိယတ္တိစာသင်တိုက်တို့မှာလို စာချ, စာသင်တွေ ကြိုးစားအားထုတ်ပြီးနေကြတဲ့ ဓမ္မ၊ အဲဒီဓမ္မက ဗုဒ္ဓမပျောက်အောင်ထိန်းပေးတာ။

ယခု အောင်စကြာစေတီတော်ကြည့်ပေါ့၊ အုတ်တွေပုံထားတာ ပဲ၊ ပကတိမျက်စိနဲ့ကြည့်ရင် ဘာထူးလဲ၊ အုတ်ပုံကြီးပဲ၊ ရုပ်ပွားဆင်းတုတွေ ကြည့်ပါလား၊ ကျောက်ခဲတွေ၊ ရွှေတွေလုပ်ထားတာပဲ။

ဓမ္မသာမရှိလိုတော့ ဘာထူးလဲ၊ အုတ်ပုံကြီးပဲ၊ ဘာထူးလဲ ကျောက်ရုပ်ကြီးတွေ၊ ရွှေရုပ်ကြီးတွေပဲ၊ နေ့စဉ် ကိုယ်အိမ်မှာသုံးတဲ့ ပစ္စည်းနဲ့ ဘာထူးလဲ။

ဓမ္မနဲ့သာထိန်းမပေးရင် ပူဇော်ရမှန်းလဲသိမှာမဟုတ်ပါဘူး၊ ဓမ္မရှိပေလို့သာ ဟောဒါ ဗုဒ္ဓလို့ အာရုံပြုတတ်တာ၊ အမှန်တော့ ဓမ္မကြောင့်။

ဒါကြောင့် ဘုရားပူဇော်တယ်ဆိုတာ အာမိသနဲ့ပူဇော်ရုံနဲ့ ပြီးတာမဟုတ်သေးဘူး၊ ဓမ္မနဲ့ပါပူဇော်ပေးရမယ်၊ ဓမ္မမျက်လုံးလေးပါ ဖွင့်ပြီးတော့မှ ဘုရားရဲ့စိတ်တိုင်းကျ ကျင့်ကြံကြိုးကုတ် ကြိုးစားပွားများ သောအားဖြင့်လဲ ပူဇော်ကြရမှာပါပဲ။

www.dhammaransi.com



- မမွှက ဗုဒ္ဓကို အလင်းရောင်ညှိထွန်းပေးတယ်၊
- ဓမ္မပျောက်သွားရင် ဗုဒ္ဓလဲ အကုန်ပျောက်သွားမယ်၊
- စေတီကြီးတွေအကုန်လုံး အုတ်ပုံကြီးတွေဖြစ်ကုန်မယ်၊
- ရုပ်ပွားဆင်းတုတော်တွေအကုန်လုံး အရုပ်ကြီးတွေဖြစ်ကုန်မယ်၊
- ဓမ္မပျောက်သွားရင် ဘုရား ဘယ်ကိုးကွယ်တတ်တော့မှာလဲ၊

* * *

www.dhammaransi.com

# ဓမ္မ သရဏံဂစ္ဆာမိ မပြတ်သားတာ

အိမ်တစ်အိမ်မှာ သားအမိနှစ်ယောက်ရှိတယ်၊ မိခင်ဖြစ်သူက သမီးကို အိမ်ဦးခန်းဘုရားကို နေ့တိုင်းဆွမ်းကပ်ဖို့၊ ရေကပ်ဖို့ပြောတယ်၊ ပြောတော့ သမီးက အိမ်ဦးခန်းက ရုပ်ပွားကျောက်ဆင်းတုရှေ့ သွား,သွားပြီး ဆွမ်းကပ်တယ်။

သူ့ဆွမ်းကပ်ပုံလေးက လက်ဖက်ရည်သောက်ပန်းကန်ထဲမှာ လက်ဖက်ရည်ဇွန်းလေးတစ်ဇွန်းနဲ့ ဆွမ်းလေးထည့်၊ ဟင်းလေးတစ်ဖတ်ကို လက်ဖက်ရည်ဇွန်းဖျားလေးနဲ့ ယူပြီးတော့ထည့်၊ ရေလေးလဲ (တစ်ခါထဲပြီးအောင်ဆိုပြီး) ရောထည့်၊ ဘုရားရှေ့သွား၊ ဘုရားဆွမ်းကပ်၊ မိခင်ဖြစ်သူကမြင်တော့ ပြောတယ်။

www.dhammaransi.com



"သမီးရယ်၊ ဒီလောက်နည်းတဲ့ဆွမ်း ဘုရားက မျှတမှာတဲ့လား၊ နည်းလှချည်လား၊ လက်ဖက်ရည်ဇွန်းလေးတစ်ဇွန်းနဲ့ လက်ဖက် ရည်သောက်ပန်းကန်ထဲထည့်ပြီးတော့ကပ်တယ်၊ လက်ဖက်ရည်ဇွန်းဖျားလေးနဲ့ ဟင်းလေးကိုတို့ယူပြီး နည်းနည်းလေးပဲထည့်၊ ရေလေးက နည်းနည်းရောလိုက်သေးတယ်၊ ဒီလောက်နည်းနည်းလေးကို ဘုရားက မျှတမှာတဲ့လား၊ ဝအောင် ဘုဉ်းပေးနိုင်မှာတဲ့လား၊ နည်းလှချည်လား" ဆိုတော့ သမီးဖြစ်သူက

"အမေရယ်၊ ဘုရားက အရုပ်ကြီးပဲ၊ ဘုဉ်းပေးတာမှမဟုတ်တာ၊ နည်းနည်းလေးတောင် ကုန်အောင်ဘုဉ်းမပေးတာ၊ အများကြီးကပ်တော့ကော ဘာထူးမှာတဲ့လဲ"တဲ့။

ဒါကတည်းက သူ့သမီး ဘုရားဆွမ်းကပ်တာ၊ ဘုရားကပ်တာ မဟုတ်ဖူး၊ အရုပ်ကပ်တာ သေချာသွားပြီလေ၊ ဉာဏဝိပ္ပယုတ်၊ ဉာဏ်မပါတဲ့ အလှူပါလား၊ သူ ဘုရားဆွမ်းကပ်တာ ဓမ္မသရဏံဂစ္ဆာမိ မပြတ်သားတာ သေချာသွားပြီ၊ ဘုရားမြင်မှမမြင်ပဲ၊ သူ အရုပ်ကြီး သွားကပ်နေတာပဲ၊ သူ့ပါးစပ်ကပြောတာလဲ ကြည့်လေ။

www.dhammaransi.com



"အမေရယ်၊ ဒီနည်းနည်းလေးတောင် ဘုရားက ဘုဉ်းပေးတာ မဟုတ်ပါဘူး၊ ဘုရားက အရုပ်ကြီးပဲ၊ ဒီအရုပ်ကြီးတွေက ဘာတွေ ကပ်ကပ် ဘယ်လောက်ကပ်ကပ်၊ ဘုဉ်းပေးမှာမှမဟုတ်ပဲ၊ ဒီတော့ အရုပ်ကို အရုပ်လိုပဲကပ်ပေါ့"

ဒီတော့ သူဆွမ်းကပ်တာ ဘုရားကိုကပ်နေတာမဟုတ်ဘူး၊ အရုပ်ကိုကပ်နေတာ၊ ဓမ္မံသရဏံဂစ္ဆာမိ မပြတ်သားတဲ့ဘုရားရှိခိုး၊ ဓမ္မံသရဏံဂစ္ဆာမိ မပြတ်သားတဲ့ ဓမ္မပူဇာ၊ ဓမ္မံသရဏံဂစ္ဆာမိ မပြတ်သားတဲ့ ဘုရားပူဇော်မှုဆိုတာဟာ ညာဏဝိပ္ပယုတ်ပဲ၊ ဓမ္မံသရဏံဂစ္ဆာမိ ပြတ်သားမှဘုရားကို မြင်မှာပေါ့။

* * *

## တရားမမြင်ရင်

ဒါကြောင့် မြတ်စွာဘုရားက အရှင်ဝက္ကလိကိုဟောတဲ့ တရားထဲမှာ...

- **တရားမမြင်၊ ဘုရားပင်၊**
  **မမြင်ကွယ်ပျောက်ပါ၊**

www.dhammaransi.com



တရားမမြင်ရင် ဘုရားပျောက်သွားပြီ၊ စေတီကြီးတွေအကုန်လုံး အုတ်ပုံကြီးတွေဖြစ်သွားကုန်ပြီ၊ ဒို့အိမ်ကဆောက်ထားတဲ့ အုတ်ခဲတွေနဲ့ ဘာထူးသေးလဲနဲ့ လာတော့မှာ။

* **တရားမမြင်၊ ဘုရားပင်၊ မမြင်ကွယ်ပျောက်ပါ၊**

ကျောက်ဆင်းတုကြီးတွေ၊ ကြေးဆင်းတုကြီးတွေ၊ ရွှေဆင်းတုကြီးတွေ ဘာထူးသေးလဲ၊ အိမ်သုံးပစ္စည်းနဲ့အတူတူပဲလို့ မြင်မှာပေါ့၊ ဘုရားပျောက်သွားမယ်။

* **တရားမြင်မှ၊ မြတ်ဗုဒ္ဓ၊ မုချမြင်နိုင်ပါ၊**

တရားမြင်မှ ဘုရားမြင်မယ်၊ ဒီတရားမပျောက်သွားအောင်လဲ အထူးအားဖြင့် ယခုလိုပရိယတ္တိစာသင်တိုက်တွေက အပင်ပန်းခံ ကြိုးစားပြီးတော့ ဟောပြောပို့ချ ကြိုးစားသင်ယူနေကြတယ်။

ကြိုးစားနိုင်အောင်လဲပဲ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေကလဲ ဒို့မှာ ပိုခါမှလှူမယ်လို့ ဆင်ခြေမပေးကြဘူး၊ ဖြစ်တဲ့နည်းနဲ့ သဒ္ဓါ၊ ပညာ၊ မေတ္တာတွေနဲ့ ချီးမြှောက်နေကြတာ၊ ဒါဟာ ဗုဒ္ဓပူဇာ အစစ်တွေပဲ။

www.dhammaransi.com



ဘုရားရှေ့သွားရှိခိုးမှသာ ဘုရားပူဇော်တယ်လို့ ခေါ်တာမဟုတ်ဖူး၊ ဘုရားအဆုံးအမတရားတွေ မပျောက်အောင်ချီးမြှောက်နေတာ၊ ဒါလဲ ဗုဒ္ဓပူဇာပဲ၊ ဒီဓမ္မတွေမပျောက်မှ ဘုရားကို အာရုံပြုတတ်မှာ ပေါ့။

- **တရားမြင်မှ၊ မြတ်ဗုဒ္ဓ၊ မုချမြင်နိုင်ပါ၊**
  အပြန်အားဖြင့်
- **ဘုရားမမြင်၊ တရားပင်၊**
  **မမြင်ကွယ်ပျောက်ပါ၊**

ဘုရားမမြင်ရင် တရားလဲပျောက်သွားပြီ၊ ဘုရားကို ဉာဏ်နဲ့ မြင်အောင်မကြည့်တတ်ရင် ဘုရားအဆုံးအမတရား ဘယ်တရားမှ တန်ဖိုးမထားတော့ဘူး၊ သီလလဲ တန်ဖိုးမထားတော့ဘူး၊ သမာဓိလဲ တန်ဖိုးမထားတော့ဘူး၊ ဝိပဿနာလဲ တန်ဖိုးမထားတော့ဘူး၊ ဘယ်ကုသိုလ်မှ မြတ်မြတ်နိုးနိုး၊ လေးလေးစားစား တန်ဖိုးထားတာမရှိတော့ပါဘူး။

* * *

## ဘုရားမြင်မှ

- **ဘုရားမမြင်၊ တရားပင်၊**
  **မမြင်ကွယ်ပျောက်ပါ၊**

www.dhammaransi.com



## * ဘုရားမြင်မှ၊ မြတ်ဓမ္မ၊ မုချမြင်နိုင်ပါ၊

ဘုရားမြင်မှ တရားမြင်နိုင်တယ်၊ ဘုရားမြင်ရင် တရားမြင်အောင် ကြည့်နိုင်တယ်။

မဟာသမယသုတ်မှာ တစ်ချိန်မှာ သာကီဝင်မင်းမျိုးတွေနဲ့ ကောလိယမင်းမျိုးတို့ နယုန်လအခါ ရောဟဏီမြစ်ရေကို အကြောင်းပြုပြီး သူ့ရထိုက်၊ ငါရထိုက် စကားများကြ၊ ဘယ်လိုမှ အေးအေးချမ်းချမ်းနဲ့ ဖြေရှင်းလို့မရတော့၊ အနုနည်းနဲ့ ဖြေရှင်းလို့မရရင် အကြမ်းနည်းသုံးကြတာပေါ့လို့ ဆုံးဖြတ်ချက်ချ၊ ပြင်ဆင်ကြတယ်။

အမှန်တော့ သာကီဝင်မင်းမျိုးနဲ့ ကောလိယမင်းမျိုးတို့ဟာ ဆွေမျိုးအရင်းတွေပါ၊ ဆွေမျိုးအရင်းတွေဖြစ်သော်လဲ (အခုနပြောတဲ့ မောဟလေ) တရားအလုပ်လွတ်သွားရင် စိတ်ဟာ မောဟအမှောင်ထဲ ခိုတယ်၊ မောဟအမှောင်ထဲခိုတာနဲ့ စိတ်ကလေးမှောင်သွားပြီ၊ မှောင်သွားတာနဲ့ မိုက်ပါရော၊ မိုက်ပြီဆိုရင် ရိုင်းတော့တာပဲ၊ ရိုင်းပြီဆိုရင် ရမ်းကားတော့မှာ၊ ရမ်းကားပြီဆိုရင်တော့ နှစ်ဖက်စလုံး ဒုက္ခရောက်ကုန်တော့မှာ။

www.dhammaransi.com



အမှောင်ထဲကလာတာ ဘယ်တော့မှမချမ်းသာဘူး၊ ဒို့အကြောင်း မင်းတို့သိရမှာပေါ့ကွလို့ ကြိမ်းဝါး၊ လက်နက်ကိုယ်စီနဲ့ ဖြေရှင်းကြတော့မှာပေါ့၊ သတ်မယ်၊ ခုတ်မယ်ပေါ့။

အဲသလို စစ်တိုက်ဖို့ အလုံးအရင်းနဲ့ ချီတက်နေတဲ့အချိန်မှာ မြတ်စွာဘုရားက ဉာဏ်တော်နဲ့ မြင်လိုက်တယ်၊ "ငါ့ဆွေမျိုးတွေ၊ ဘာမဟုတ်တဲ့ ရေကိုအကြောင်းပြုပြီး အချင်းချင်း သတ်ကုန်ကြတော့မယ်၊ ငါမသွားလို့မဖြစ်တော့ဘူးဆိုပြီး မြတ်စွာဘုရားက တန်ခိုးနဲ့ ကောင်းကင်ခရီးက ကြွလာ၊ နှစ်ဖက်စစ်တပ်တွေရဲ့အလယ် အပေါ်တည့်တည့် ကောင်းကင်က (တန်ခိုးနဲ့) တင်ပလ္လင်ချိတ်၊ ရောင်ခြည်တော်လွှတ်၊ သီတင်းသုံးနေတယ်။

သာကီဝင်မင်းမျိုးတွေက မော့ကြည့်လိုက်တော့ ဘုရားကိုမြင်တယ်၊

### * ဘုရားမြင်မှ၊ မြတ်ဓမ္မ၊ မုချမြင်နိုင်ပါ၊

"ဟယ်–ဒို့ရန်ဖြစ်တာ မြတ်စွာဘုရားသိသွားပြီ၊ အော်–ဒို့ဟာ ဘုရားမျိုးပါလား၊ ဘုရားမျိုးက ဒေါသကြီးရတဲ့အမျိုးမှ မဟုတ်ပဲ၊ ဘုရားမျိုး

www.dhammaransi.com



ဆိုတာ သူတော်ကောင်းမျိုးပါလား၊ ဘုရားမျိုးဟာ သူများကို သတ်ရတဲ့အမျိုးမှမဟုတ်ပဲ၊ ဒို့မှား ကုန်ပြီ”

ဘုရားမြင်တာနဲ့ တရား ချက်ခြင်းသတိရ၊ အဲဒါနဲ့ ဟောဟိုက ကောလိယမင်းမျိုးတွေကို လှမ်းပြောလိုက်တယ်။

“ဟေ့–ကောလိယမင်းမျိုးတွေ၊ ဒို့က ဘုရားမျိုးကွ၊ ဘုရားမျိုးဟာ ရန်လိုတဲ့အမျိုးမဟုတ်ဖူး၊ မေတ္တာသာထားရတာ၊ အများကောင်းကျိုးကိုသာဆောင်ရွက်ရတာ၊ မင်းတို့က ဒို့ကို ခေါင်းဖြတ် သတ်ချင်သတ်ဟေ့၊ ဒို့က မင်းတို့ကိုမသတ်တော့ဘူး၊ ဟောဒီမှာလက်နက်တွေ၊ လွှင့်ပစ်လိုက်ပြီ”

အဲသလိုပြောပြီး ဘုရားကိုရှိခိုး ထိုင်နေကြတယ်၊ ဘုရားမြင်တော့ တရားသတိရပုံ ပြောတာပါ။

ဒီလိုဆိုတော့ ဟောဟိုဘက်က ကောလိယမင်းမျိုးတွေကလဲ (သူတို့လဲ ဘုရားအမျိုး ဆွေမျိုးအရင်းတွေပဲ) ပြောတယ်။

www.dhammaransi.com



"ဟော့–သာကီဝင်မင်းမျိုးတွေ၊ ဒို့လဲ ဘုရားအမျိုးကွ၊ ဘုရားအမျိုးဟာ ရန်လိုတဲ့အမျိုးမဟုတ်ဖူး၊ သူတော်ကောင်းမျိုးတွေ၊ အများအပေါ်မှာ မေတ္တာကရုဏာထားတတ်တဲ့ သူတော်ကောင်းမျိုးတွေ၊ ဒို့လဲ မင်းတို့ကိုမသတ်တော့ပါဘူး၊ မင်းတို့က ဒို့ကိုသတ်ချင်သတ်တော့၊ ဒို့လည်းစင်းခံတော့မယ်၊ ဟောဒီမှာ ဒို့လက်နက်တွေ အကုန်လွှင့်ပစ်ပြီ" လို့ပြောပြီး လက်နက်တွေချ၊ ဒူးတုပ်ပြီးတော့ ဘုရားရှိခိုးနေကြ၊ နောက်တော့ ဘုရားက တရားဟောတာပါပဲ၊ စွမ်းအားတွေရကြ၊ အကုန်လုံး ငြိမ်းချမ်းသွားကြတာပါပဲ။

တစ်ဖက်ကို မင်းသား (၂၅၀)စီလှူလို့ ရဟန်းပြုပေး၊ ရဟန်းအပါး ငါးရာပေါ်လာတာဆိုတာ မဟာသမယသုတ်မှာ ပေါ်လာတာပါ။

ဆိုလိုတာကတော့ ဘုရားမြင်ရင် တရားသတိရတဲ့အကြောင်း ပြောတာ၊ ဒါကြောင့် မိမိတို့လဲ တစ်ခါတစ်ရံအိမ်ထဲမှာပေါ့ ပုထုဇဉ်ဆိုတာ ကိလေသာနဲ့နေရတာ၊ ကိလေသာနဲ့နေရတာဖြစ်တော့ စိတ်ပူတာတို့၊ စိတ်ရှုပ်တာတို့၊ စိတ်ညစ်

www.dhammaransi.com



တာတို့ပေါ်လာတတ်တယ်၊ ဒီအတိုင်း မနေကြနဲ့၊ အိမ်ဦးခန်းက ဘုရားရှေ့သာပြေး။

ဒီကျောင်းနဲ့နီးတဲ့ပုဂ္ဂိုလ် အောင်စကြာဘုရားနား ပြေးသာလာခဲ့၊ ဘုရားကိုမြင်တာနဲ့ (မြင်တယ်ဆိုတာ ပကတိမျက်လုံးနဲ့မြင်တာကို ပြောတာမဟုတ်၊ သဒ္ဓါ၊ ပညာနဲ့ အသက်ဂုဏ်သွင်းပြီး မြင်တာကိုပြောတာ)၊ တစ်ခုခုကိုတော့ သတိရလိမ့်မယ်။

"သြော်– ငါဟာ ဘုရားရဲ့သားပါလား၊ ဘုရားရဲ့သမီးပါလား၊ ဘုရားရဲ့တပည့်ပါလား၊ စိတ်ပူတယ်၊ စိတ်ညစ်တယ်၊ စိတ်ရှုပ်တယ်၊ သူများကိုမုန်းတီးတယ်၊ ဘယ့်နှယ်လုပ်ဖြစ်ရမှာလဲ၊ သူတော်ကောင်းမျိုးပါလား"

တစ်ခုခုတော့ သတိရလိမ့်မယ်၊ ဒါကြောင့်

* **ဘုရားမြင်မှ၊ မြတ်ဓမ္မ၊ မုချမြင်နိုင်ပါ။**

* * *

www.dhammaransi.com

# တရားမွေ့လျော်မှု

* **ဘုရားမမေ့၊ တရားမွေ့၊ ကြုံတွေ့သာသနာ၊**

သာသနာနဲ့ကြုံတွေ့တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘုရားမမေ့မှ တရားအလုပ် မွေ့လျော်မှု၊ အဲဒါမှ နမောဗုဒ္ဓဿ အစစ်တွေ၊ သာသနာနဲ့ တကယ်ကြုံတွေ့တဲ့သူတွေ။

တရားမွေ့တယ်ဆိုတာက "တပည့်တော်တို့ ဘုရားကျောင်းကန် သွားဖို့ အချိန်မရဘူးဘုရား၊ အိမ်အလုပ်တွေက တကယ်များတာ"လို့ ပြောလေ့ရှိသူတွေ၊ အဲဒီ တကယ်များတဲ့အလုပ်တွေထဲက

www.dhammaransi.com



တရားမျက်လုံးလေးတပ်ပေးပါ၊ ဗုဒ္ဓက မျက်လုံး တပ်ပေးပါပြီကော။

* * *

# ညကော်လက်နှိပ်ဓာတ်မီးကိုင်ထားပါ

ယခုလို အင်မတန်မှောင်တဲ့ ညအခါမှာ အပေါ်ကလရောင်လဲ မရှိဘူးဆိုရင်၊ မီးရောင်လဲ မရှိဘူးဆိုရင် လက်နှိပ်ဓာတ်မီးလေးတစ်လက် ကိုင်သွားတဲ့ပုဂ္ဂိုလ်၊ တော်တော်ခရီးရောက်တယ်၊ ရှောင်သင့်တာရှောင်နိုင်တယ်၊ သွားသင့်ရာ ဖြောင့် ဖြောင့်တန်းတန်းသွားနိုင်တယ်၊ လိုရာကိစ္စ ပြီး အောင်ဆောင်ရွက်နိုင်တယ်။

www.dhammaransi.com



နေရောင်စတဲ့ အလွန်အလင်းရောင်ကောင်းတာ ရတာဆိုရင် မပြောနဲ့တော့ပေါ့၊ လိုရာဆောင်ရွက်နိုင်ကြတာပေါ့။

ဒါမျိုးလိုပေါ့၊ နေ့စဉ်လုပ်နေတဲ့ အလုပ်တွေက အဝိဇ္ဇာ၊ တဏှာ၊ အမှောင်ထဲကသွားနေတာ၊ ညအမှောင်ကြီးနဲ့ ဘာထူးတာမှတ်လို့၊ ဗုဒ္ဓထံကရတဲ့ ဉာဏ်လက်နှိပ်ဓာတ်မီးလေးတော့ ကိုင်ထားပါ။

စားတယ်၊ သွားတယ်၊ လုပ်တယ်၊ ကိုင်တယ်၊ ချက်တယ်၊ ပြုတ်တယ်၊ ဘယ်ကိစ္စမဆို ဉာဏ်လက်နှိပ်ဓာတ်မီးလေးတော့ ကိုင်ထားပါ၊ ဒါမှ နမောဗုဒ္ဓသအစစ်ဖြစ်မယ်၊ ဘုရားထံက စွမ်းအားကို တကယ်ရသူဖြစ်မယ်၊ သာသနာ အမြဲတည်နေတဲ့သူဖြစ်မယ်။

သာသနာ နှစ်ပေါင်း(၅၀၀၀)ဆိုတာက ကိုယ့်သန္တာန်ကို တရားမရောက်ရင် ကိုယ်နဲ့ဘာမှမဆိုင်၊ သူ့ဟာသူ ငါးထောင်ဟာ ငါးထောင်ပဲ။

ကိုယ့်သန္တာန်ကို တရားရောက်အောင်ယူမှ ကိုယ့်ရဲ့ဘဝက ဒီဘဝမှာ ဆယ်နှစ်ပဲနေရတော့မယ်

www.dhammaransi.com



ဆိုရင် ကိုယ့်သာသနာက ဆယ်နှစ်ပဲကျန်ပါ တော့လား၊ ကိုယ့်သာသနာက နှစ်ပေါင်းငါးထောင်မှ မရှိပဲ၊ ကိုယ်နဲ့ ဆိုင်ချင်မှဆိုင်မှာ။

ဒါကြောင့် ကိုယ်နဲ့ဆိုင်နေတုန်းမှာ ကိုယ့်နှလုံးသားလေးထဲမှာ တရားစွမ်းအား အမြဲထည့်၊ ဉာဏ်လက်နိုပ်ဓာတ်မီးလေးကို အမြဲဆောင်ပြီးတော့ အလင်းရောင်ညှိထွန်းသွားလိုက်တဲ့အခါ,မှာ အဲဒီ မအားတဲ့အလုပ်မှန်သမျှအကုန် တရားအလုပ်ဖြစ်သွားမယ်၊ လက်ထဲမှာ ကိုင်ထားတာအကုန် ကုသိုလ်ထုပ်ဖြစ်သွားမယ်၊ ဒါဟာ စစ်မှန်သော နမောဗုဒ္ဓာယပဲ။

- **တရားမမြင်၊ ဘုရားပင်၊**
  **မမြင်ကွယ်ပျောက်ပါ၊**
- **တရားမြင်မှ၊ မြတ်ဗုဒ္ဓ၊ မုချမြင်နိုင်ပါ၊**
- **ဘုရားမမြင်၊ တရားပင်၊**
  **မမြင်ကွယ်ပျောက်ပါ၊**
- **ဘုရားမြင်မှ၊ မြတ်ဓမ္မ၊ မုချမြင်နိုင်ပါ၊**
- **ဘုရားမမေ့၊ တရားမမေ့၊ ကြုံတွေ့သာသနာ၊**

www.dhammaransi.com



ဒါကြောင့် ဗုဒ္ဓဿ-တရားလုံးစုံ အကုန်သိမြင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား၊ နမော-ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ မြတ်စွာဘုရား...။

*　　*　　*

www.dhammaransi.com

# ဘုရားကိုမြင်တော့

စွမ်းအားကလဲစုံသေး၊ ကျက်ရတာကလဲ တိုသေး၊ အမိပ္ပာယ်ကလဲ ပြည့်သေးဆိုတော့ ဒီဘုရားရှိခိုး တစ်သက်လုံးဆောင်ရမှာ၊ မအားဘူးဆိုတာမရှိတော့ဘူး၊ တပည့်တော်တို့ ဘုရားရှိခိုးဖို့ အချိန်မရဘူးဆိုတာ မရှိတော့ဘူး၊ 'နမောဗုဒ္ဓဿ'ရထားတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘာမှ အချိန်မကုန်တော့ဘူး၊ ကိုယ့်နှလုံးသားထဲ တရားစွမ်းအား စိတ်ကြိုက် ထည့်သွင်းလို့ရတယ်။

ဘုရားလက်ထက်က ရာဇဂြိုဟ်မြို့မှာ ဖိုးညဏ်ဆိုတဲ့ ကလေးလေးတစ်ယောက်ရှိတယ်၊ သူ့အဖေနာမည်က ဦးကံ၊ အမေနာမည်က ဒေါ်ကံ၊ မိသားစုအားလုံး မိစ္ဆာဒိဋ္ဌိတွေချည်းပဲ။

www.dhammaransi.com



ဖိုးဉာဏ်ကလေးဟာ သမ္မာဒိဋ္ဌိကလေး သူငယ်များနဲ့ အပေါင်းအသင်းဖြစ်လို့၊ (စောစောက တော့) အဖော်မင်တာနဲ့ ဘုရားထံလဲရောက် တယ်၊ ကျောင်းကိုလဲရောက်တယ်၊ သံဃာတွေ သီတင်းသုံးတဲ့ ကျောင်းကိုလဲရောက်တယ်။

ရောက်ဖန်များတော့ ဘုရားလဲမြင်ရတာပေါ့၊ သံဃာတော်များလဲ မြင်ရတာပေါ့၊ ပကတိမျက် လုံးနဲ့ မြင်ရာမှ ဉာဏ်မျက်လုံးလေးတွေပါ တပ် ဆင်ကြည့်တတ်လာတယ်။

"ဟယ်– လူချင်းတူပေမယ့် သူတို့ကတစ် မျိုးပဲ၊ ငြိမ်သက်လိုက်တာ၊ ငြိမ်းချမ်းလိုက်တာ၊ တည်ငြိမ်လိုက်တာနော်၊ ဒို့များလို ယောက်ရက် ခတ်အမူအရာ နည်းနည်းလေးမှမရှိဘူး၊ ဒါ ကတည်းက အတွင်းမှာ အံ့သြစရာဖြစ်တဲ့စွမ်း အားတွေ တကယ်ရှိနေလို့ပဲ"

ဖိုးဉာဏ်ကလေးဟာ အဖေအမေက မိစ္ဆာဒိဋ္ဌိ ဖြစ်နေလို့သာ အခြေအနေအရ မိစ္ဆာဒိဋ္ဌိဖြစ်နေ ရတာ၊ ဘုရားကိုမြင်တော့လဲပဲ ဉာဏ်ကလေးနဲ့ ချင့်ချိန်တတ်လာတယ်။

www.dhammaransi.com



"ဘုရားဟာ လူတော့လူပဲလေ၊ သို့သော် သာမန်လူတော့မဟုတ်ဘူး၊ အတွင်းမှာ အစွမ်းအစအင်အားတွေ အများကြီးပြည့်ဝတဲ့ ပုဂ္ဂိုလ်ပဲ၊ ထူးခြားတယ်"လို့ မှတ်ယူတယ်၊ သံဃာတွေမြင်ရပြန်တော့ နေပုံထိုင်ပုံ ဝတ်စားပုံကိုကြည့်ပြီး...

"ဟယ်–လူတွေလို့ဆိုရပေမယ့် ဒို့နဲ့မတူဘူးနော်၊ သိပ်ငြိမ်သက်အေးချမ်းကြတယ်၊ စွမ်းအားကိုယူနိုင်ကြတယ်"

သူဟာ ဉာဏ်ကလေးနဲ့ အာရုံပြုတတ်လာတယ်၊ အဲဒါနဲ့ အပေါင်းအသင်းတွေ ဘုရားသွားတာ ပါသွား၊ အဖော်ကိုမင်ပြီး ဘုရားရှိတဲ့နေရာလိုက်သွား၊ သံဃာတွေ သီတင်းသုံးတဲ့ကျောင်းတိုက်သွား၊ သွားဖန်များတော့ ဖိုးဉာဏ်လေးတစ်ယောက် ဘုရားရှိခိုးတစ်ပုဒ် ရလာတယ်၊ နမောဗုဒ္ဓဿ"

သူ့အဖေ, သူ့အမေသင်ထားတဲ့ ဘုရားရှိခိုးက 'နမောအရဟန္တာနံ' ရဟန္တာပုဂ္ဂိုလ်တို့အားရှိခိုးပါတယ်ဆိုတဲ့ အဓိပ္ပာယ်။

"အဖေရယ် အဲဒီရဟန္တာ ဘယ်မှာလဲဗျ"

"လာတော့မှာပါကွဲ့"

www.dhammaransi.com



သူ့အဖေကို ဘုရားရှိခိုးနဲ့ပတ်သက်ပြီး မေးရင် ဟိုလက်ညှိုးထိုးလိုက်၊ ဒီလက်ညှိုးထိုးလိုက်။

"အမေရယ်၊ ကျွန်တော်တို့ရှိခိုးတဲ့ နမော အရဟန္တာနံ့ဆိုတာ ဘယ်ဟာလဲဗျာ"

"မကြာဘူး၊ လာတော့မှာ"

ဟိုလိုလို၊ ဒီလိုလို၊ ဟိုလက်ညှိုးထိုး၊ ဒီလက်ညှိုးထိုး၊ ဖိုးဥက်ာ တော်တော်မကျေနပ်၊ စိတ်ထဲမှာ ကြည်ဖြူခြင်းမရှိ။

"ဘယ့်နှယ်ဗျာ၊ အဖေတို့အမေတို့ဟာက မရှိတာကြီးလျှောက် ရှိခိုးနေတာ၊ ဘာအဓိပ္ပာယ် ရှိလဲဗျ၊ ရဟန္တာပုဂ္ဂိုလ်တို့အား ရှိခိုးပါ၏၊ ရဟန္တာ ဆိုတာ ဘာကိုခေါ်တာတဲ့လဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ရဟန္တာခေါ်တာတဲ့လဲ"

သူတို့ကတော့ ပါးစပ်ကသာ ရဟန္တာကိုဗျ၊ ဒါပေမယ့် သူတို့ ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေဆိုတာက ကိလေသာကင်းတာမှမဟုတ်ပဲ၊ သာသနာပတိတ္ထိ တွေ ကိုးကွယ်တာ၊ ဒါကို သူတို့က ရဟန္တာလို့ နှုတ်က ထုတ်ပြီးရှိခိုးနေတာ။

"သားရယ်...ဟိုဟာ ရဟန္တာပေါ့"

www.dhammaransi.com



"ဟာ...မဟုတ်ဖူး၊ ရဟန္တာဟာ ဒါမျိုး မဟုတ်ဖူး၊ အဖေ အမေရယ်၊ ကျွန်တော်တို့ လောကမှာ အဆင့်မမြင့်တာ၊ ဘယ်နှယ်လုပ် ရဟန္တာဖြစ်နိုင်မလဲ"

ဉာဏ်ရှိတယ်နော်၊ နာမည်က ဖိုးဉာဏ်၊ သူတော်ကောင်းရဲ့အသိဉာဏ်၊ ပညာရှိရဲ့အသိ ဉာဏ်နဲ့ စဉ်းစားချင့်ချိန် တွက်ချက်တတ်တယ်၊ ရိုခိုးဟဲ့၊ ရှိခိုးဟဲ့ ခိုင်းတာနဲ့ ကုန်းရှိခိုးတာ မဟုတ် ဘူးနော်၊ ဉာဏ်ရှိတယ်၊ ရှိခိုးပြန်တော့လဲ မှန် ကန်တဲ့အသိဉာဏ်နဲ့ ရှိခိုးတတ်တယ်။

"သား၊ ဟောဒါက ရဟန္တာတွေပေါ့ကွဲ့"

"မဟုတ်ပါဘူးဗျာ၊ ရဟန္တာဟာ ဒီလိုစား၊ သွား၊ နေထိုင်တယ်၊ မဖြစ်နိုင်ပါဘူးဗျာ၊ ငြိမ်းချမ်း မှုလဲမရှိ၊ ငြိမ်သက်မှုလဲမရှိ၊ ကျွန်တော် တို့လောကမှာ အဆင့်မမြင့်တာကြီး၊ ဘယ့်နှယ်လုပ် ရဟန္တာဖြစ် နိုင်မလဲ"

နမောဗုဒ္ဓဿ–တရားအလုံးစုံ၊ အကုန်သိမြင် တော်မူတဲ့ မြတ်စွာဘုရားနဲ့ ပတ်သက်ရင်တော့

"ဟာ...ဖြစ်နိုင်တယ်၊ တကယ့်ကိုဖြစ်နိုင် တယ်၊ ဒီ့နဲ့မတူဘူး၊ ဒီ့ထက်သာတယ်" အစရှိ

www.dhammaransi.com



သည်ဖြင့် ကလေးတွေးတွေးပြီး ချင့်ချိန်တတ်တယ်၊ ကလေးဆိုပေမယ့် အသိဉာဏ်ရှိတယ်။

* * *

www.dhammaransi.com

# အဖေ့အမေထက်သာတဲ့သား

အဲဒါနဲ့ ဘုရားရှိခိုးတစ်ပုဒ် ကောင်းကောင်းရသွားပြီ၊ 'နမောဗုဒ္ဓဿ'ပေါ့၊ အိပ်ရာဝင်ရင်လဲ ဘုရားရှိခိုးတယ်၊ အိပ်ရာထတော့လဲ ဘုရားရှိခိုးလို့။

သူ့ ဘုရားရှိခိုးပုံက တကယ့်သက်တော်ထင်ရှား ဘုရားအထိ အာရုံပြုတတ်လာတယ်၊ တိုက်ရိုက်ပြောလိုက်တော့ အဖေအမေထက်သာတဲ့သား ဖြစ်သွားပါပြီ။

ဘုရားကိုလဲ ရှိခိုးတတ်လာပြီ၊ တရားကိုလဲ အာရုံပြုတတ်လာပြီ၊ သံဃာတော်အရှင်မြတ်တွေကိုလဲ ဂုဏ်ကိုအာရုံပြုလို့ ရှိခိုးတတ်လာပြီ၊ တစ်စ, တစ်စ လူကြီးလေးဖြစ်လာတယ်၊ လူရာဝင်လာတယ်၊ ရတနာစွမ်းအားကြောင့် ဘယ်နေရာသွား

www.dhammaransi.com



သွား လူချစ်လူခင်ပေါလာတယ်၊ အများရဲ့ မြတ်နိုးမှုခံရတယ်။

ကလေးလို့သာပြောရပေမယ့် လေးခွကိုင်ဟိုပစ်သည်ပစ်မလုပ်ပါဘူး၊ စည်းမဲ့ကမ်းမဲ့ ပါးစပ်က လျှောက်အော်နေတာမရှိပါဘူး၊ အိန္ဒြေသိက္ခာလေးနဲ့ နေတတ်လာတယ်၊ နေ့တိုင်းနေ့တိုင်းလဲ နမောဗုဒ္ဓဿ။

"အို–စွမ်းအားလဲပြည့်၊ ဒီလောက်တိုတဲ့ ဘုရားရှိခိုး ငါ့တစ်သက် မမေ့စေရဘူး"

* * *

www.dhammaransi.com

# ကြိုရဖြစ်တွေ

တစ်နေ့သောအခါ ဖိုးဉာဏ်ကလေးဟာ သူ့အဖေဦးကံနဲ့အတူ တောထဲ ထင်းခုတ်သွားတယ်၊ ထင်းတွေ လှည်းအပြည့်တင်လာလိုက်တာ ညနေစောင်းအချိန်မှာ သချိုင်းကုန်းနားရောက်တော့ မောမောပန်းပန်းရှိတာနဲ့ နွားတွေလဲ အနားပေးရာရောက်၊ သားအဖလဲ အနားယူရာရောက်အောင် နွားတွေကို မြက်စားဖို့ လွှတ်လွှတ်ကျွတ်ကျွတ် လွှတ်ထားလိုက်တယ်။

သူတို့သားအဖကလဲ မောမောပန်းပန်းနဲ့ ခဏရယ်လို့ တုံးလုံးပက်လက်လှဲလိုက်တာ အိပ်

www.dhammaransi.com



မပျော်တန်ကောင်းရဲ့ဆိုပြီး ခဏလှဲလိုက်တာပဲ၊ သို့ပေမယ့် အိပ်ပျော်သွားတယ်။

အိပ်ပျော်သွားတဲ့အခါ နွားတွေက ညနေစောင်းတော့ အိမ်ပြန်သွားကြတယ်၊ သားအဖနှစ်ယောက် မသိလိုက်ဖူး၊ နွားတွေ အိမ်ရောက်သွားကြပြီ။

သားအဖနှစ်ယောက် အိပ်ရာကနိုးလို့ အိမ်ပြန်တော့မလို့ နွားလိုက်ရှာတဲ့အခါ မတွေ့တော့ဘူး။

"သား ဖိုးညဏ်ရေ၊ နွားတွေတော့ အိမ်ပြန်သွားပြီထင်တယ်ကွ၊ သား ဒီမှာနေခဲ့အုန်းနော်၊ အဖေ အိမ်ပြန်ပြီး နွားတွေယူလိုက်ဦးမယ်၊ လှည်းက နွားမပါပဲ သားအဖနှစ်ယောက်ရုန်းလို့ ဖြစ်တာမဟုတ်ဖူး"

အဲဒါနဲ့ အဖေဦးကံက အိမ်ကိုလိုက်သွားတယ်၊ တကယ်ပဲ နွားနှစ်ကောင် အိမ်ရောက်နေပြီ၊ နွားနှစ်ကောင်ယူလာခဲ့တာ နေဝင်ပြီး မိုးချုပ်သွားတယ်။

ရှေးတုန်းကမြို့ထုံးစံဟာ နေဝင်ရင် မြို့တံခါးပိတ်တာ၊ တံခါးပိတ်တော့ ဘယ်လိုမှပြော

www.dhammaransi.com



မရလို့ ဦးကံတစ်ယောက် နွားနှစ်ကောင် ပြန်ယူပြီး အိမ်ပြန်သွားရတယ်၊ သချိုင်းကုန်းမှာ ဖိုးဉာဏ်လေး တစ်ယောက်ပဲ ကျန်ခဲ့တယ်။

နေ့တိုင်း ဘုရားရှိခိုးနေတဲ့ ဖိုးဉာဏ်၊ သူများက ရှိခိုးခိုင်းလို့ ရှိခိုးတာမဟုတ်ပဲ ယုတ္တိနဲ့ အသိဉာဏ်နဲ့ ချင့်ချိန်ပြီးမှလက်ခံတဲ့၊ တကယ့်ကိုဉာဏ်ရှိတဲ့ (၈)နှစ် (၉)နှစ်သာရှိတဲ့ မောင်ဖိုးဉာဏ်လေး သချိုင်းကုန်းမှာ ကျန်ခဲ့တယ်။

အဖေပြန်လာနိုးနဲ့ မျှော်လိုက်တာ ပြန်လဲ မလာဘူး၊ တစ်စ,စနဲ့ ညဉ့်နက်လာတယ်၊ အဖေက ပြန်မလာ၊ အဲဒါနဲ့ ဖိုးဉာဏ်လေး ဘုရား အာရုံပြု၊ မေတ္တာပို့၊ သချိုင်းကုန်းမှာရှိတဲ့ နတ်တွေရော၊ သတ္တဝါတွေရော အကုန်မေတ္တာပို့၊ ဘုရားလဲ ကျကျနနရှိခိုး၊ အိမ်ကအဖေနဲ့ အမေကိုပါ လှမ်းရှိခိုးပြီးမှ စိတ်ချလက်ချ လှည်းအောက်မှာ အိပ်ပျော်သွားတယ်။

စဉ်းစားကြည့်ပေါ့၊ အချိန်က ညဉ့်အခါ၊ နေရတာက တစ်ယောက်ထဲ၊ အရွယ်က ကလေး လေးရယ်၊ ပြီးတော့ အန္တရာယ်အလွန်ပေါတဲ့

www.dhammaransi.com



သချိုင်းကုန်း၊ ကြောက်တတ်တဲ့လူအတွက်ဆိုရင် အိပ်လို့ပျော်မှာမဟုတ်ပါဘူး။

*   *   *

www.dhammaransi.com

# ဖိုးလွန်, ဖိုးချွန်

သချိုင်းကုန်းမှာ ဘီလူးကြီးနှစ်ကောင်ရှိတယ်၊ ဖိုးလွန်နဲ့ ဖိုးချွန်၊ ဟောဟိုဘက် သစ်ပင်မှာက ဖိုးလွန်၊ ဒီဘက်သစ်ပင်မှာက ဖိုးချွန်၊ ချွန်လို့ ဖိုးချွန်လို့ခေါ်တာ၊ ဟိုဘီလူးက လွန်လွန်းလို့ ဖိုးလွန်ခေါ်တာ။

ဖိုးလွန်က ဖိုးချွန်ကို လှမ်းပြောတယ်။

"ဟေ့-ဖိုးချွန်"

"ဘာတုန်းကွ"

"ဟောဟိုမှာကွ"

"ဟောဟိုမှာဘာဖြစ်သလဲ"

www.dhammaransi.com



"ကလေးလေး"

"ကလေး သူ့ဟာသူအိပ်တာ ဘာဖြစ်တုန်း"

"ဘာဖြစ်ရမလဲ၊ ဒို့စားဖို့"

"ဟဲ့-ဖိုးလွန်၊ အဲဒီကလေး စားရမယ့် ကလေး မဟုတ်ဘူးကွ"

"ဘာဖြစ်လို့တုန်း"

"ငါ သူ့ကို အကဲခတ်တယ်၊ ရောက်တဲ့ အချိန်ကစပြီး အမှတ်တမဲ့မနေဘူး၊ ပါးစပ်က ရွတ်လိုက်တာ စုံလို့"

ကလေး(ဖိုးညက်)က များများမရွတ်ပါဘူး၊ နမောဗုဒ္ဓဿကို အခေါက်ပေါင်းများစွာ ရွတ်နေတာပါ။

"ရှိခိုးလိုက်တာ လေးလေးနက်နက်ကြီးပါလား၊ သူ့ကိုတော့ စားလို့မဖြစ်ဖူးထင်တယ် ဖိုးလွန်ရေ"

"ဟော့-ဖိုးချွန်၊ တယ်သတ္တိညံ့သကိုးကွ" ဆိုပြီးတော့ တားမရဘူး၊ သစ်ပင်ပေါ်ကဆင်း၊ ဖိုးညက်ရဲ့ခြေထောက်ကို သွားဆွဲတော့ ဖိုးညက် ပါးစပ်က ကယောင်ကတမ်းနဲ့ဆိုလိုက်တာက နမောဗုဒ္ဓဿ။

www.dhammaransi.com



အဲဒါ အိပ်မှုစုံမွှားနဲ့ဆိုလိုက်တဲ့ အသံပဲရှိသေးတယ်၊ တကယ့် သဒ္ဓါ၊ ပညာနဲ့ အာရုံပြုပြီးဆိုလိုက်တာမဟုတ်သေးဘူး၊ ဘယ်လောက်များနှုတ်ကျိုးနေသလဲဆိုတာ မပြောနဲ့တော့။

ဗုဒ္ဓသဿ–တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား၊ အဟံ–တပည့်တော်မောင်ဖိုးဉာဏ်ကလေးက၊ နမော–ရိုသေမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏မြတ်စွာဘုရား။

[၈ နှစ်၊ ၉ နှစ်ရွယ် ချာတိတ်ကလေး ဘုရားရှိခိုးနေတာ နမောဗုဒ္ဓဿ]

* * *

# ဗုဒ္ဓဟူသည်

ဗုဒ္ဓစကားလုံးများ ဘီလူးသရဲ တကယ်ကြောက်ဆိုပဲ၊ ဗုဒ္ဓဆိုတဲ့ စကားလုံးသည် ကိစ္စအကုန်ပြီးစီးတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ရဲ့ နာမည်ပါ၊ လောကသဘောပြောရရင် သိဒ္ဓိပေါ့။

www.dhammaransi.com



ဒါကြောင့် နမောဗုဒ္ဓဿလို့ ဆိုလိုက်တာနဲ့ ဘိလူးကြီးဖိုးလွန် ကြောက်အားလန့်အားနဲ့ နောက်ဆုတ်ချလိုက်တယ်၊ ဒီတော့ ဖိုးချွန်က ပြောကောင်းတာပေါ့။

"ဟော့– ဖိုးလွန် ငါမပြောဘူးလားကွ၊ ဒီကလေးဟာ စားရမယ့်ကလေး မဟုတ်ဖူး၊ အဖိုးတန်ကလေး၊ မင်းက အရွယ်ငယ်တိုင်း အထင်သေးသကိုးကွ၊ ချာတိတ်လေးတစ်ယောက်ထဲနေတယ်ဆို အထင်သေးပုံပေါက်တယ်၊ သူ့မှာ ဘုရားအဖော်ရှိတယ်၊ တရားအဖော်ရှိတယ်နော်၊ ငယ်တိုင်း အထင်မသေးနဲ့၊ ကဲ–ဒို့မှားပြီဆိုတော့ ဒဏ်ထမ်းကြရမယ်၊ ရာဇဂြိုဟ်မြို့ထဲက မင်းနန်းတော်ကိုသွား၊ ရှင်ဘုရင် နောက်နေ့စားမယ့် အင်မတန်ကောင်းမြတ်တဲ့ အစားအသောက်တွေကို မင်းတန်ခိုးနဲ့ယူခဲ့၊ဟောဒီဖိုးဉာဏ်ကလေးကို ကျွေးရအောင်"

ဟိုကလဲ မှားသွားတော့ ဒဏ်ထမ်းရတော့တာပေါ့၊ ရှင်ဘုရင်နန်းတော်ကို တန်ခိုးနဲ့သွား၊ နောက်နေ့စားမယ့် အစားအသောက်အမွန် အမြတ်တွေကို ရွှေခွက်ထဲထည့်ယူလာခဲ့။

www.dhammaransi.com



နမောဗုဒ္ဓသရဲ့တန်ခိုး ဘယ်လောက်ကြီး သလဲဆိုရင် ဘီလူးတွေဟာ ဘီလူးပုံစံနဲ့ မနေရဲဘူး တဲ့ဗျ၊ ဖိုးလွန်နဲ့ ဖိုးချွန်က ဖိုးဉာဏ်ကလေးရဲ့ အဖေ၊ အမေပုံစံနဲ့ ဖန်ဆင်းပေးရသတဲ့။

ကြောက်စရာပုံစံကို မပြရဲတာနော်၊ နမော ဗုဒ္ဓသအစွမ်းကို သေးသေးများမမှတ်ပါနဲ့၊ ဘုရား ရှိခိုးတိုတိုလေးများဆိုပြီး အထင်တော့ မသေးလိုက် ပါနဲ့၊ အင်မတန် အစွမ်းထက်ပါတယ်။

* * *

# ရန်သူကို ရန်သူလို့ မသိလိုက်ရဘူး

ဗုဒ္ဓသရဏံ ဂစ္ဆာမိလေးများ ဒို့ဆိုနေကျပဲဆို ပြီး အထင်တော့မသေးလိုက်ပါနဲ့၊ သဒ္ဓါ၊ ပညာနဲ့ အသက်ဂုဏ်သွင်းကြည့်စမ်းပါ၊ အရှိန်အဝါသိပ် ကြီးပါတယ်၊ အန္တရာယ်ကို အန္တရာယ်လို့တောင် မသိလိုက်ရဘူး၊ ရန်သူကို ရန်သူလို့တောင် မသိ လိုက်ရဘူး၊ သိခွင့်ကို မပေးတာ၊ တရားစွမ်းအားက ဖုံးထားတာ။

www.dhammaransi.com



ဘီလူးနှစ်ကောင်ဟာ ဖိုးညဏ်လေးရဲ့ အဖေအမေပုံစံနဲ့ ဖန်ဆင်းပြီးတော့ စားစရာ သောက်စရာတွေ ကျွေးပေးရသတဲ့၊ ဖိုးညဏ်ကလေးကလဲ အဖေနဲ့အမေကကျွေးတာထင်ပြီး မကြောက်ဖူး။

အဲဒါနဲ့ စားသောက်ပြီး ညအမှောင်ထဲပြန်အိပ်ပျော်သွားတယ်၊ ဘီလူးနှစ်ကောင်က တစ်ညလုံး စောင့်ရှောက်ရတယ်။

စောင့်ရှောက်ရတယ်ဆိုလို့ ဘီလူးတွေ သိပ်ပြီး မေတ္တာကရုဏာကြီးပါလားလို့ အထင်မကြီးလိုက်ပါနဲ့၊ သူတို့က မေတ္တာကရုဏာထားလို့ စောင့်ရှောက်တာမဟုတ်ဖူး၊ နမောဗုဒ္ဓဿအစွမ်းကြောင့် ဘယ်လိုမှ မနှောင့်ယှက်ရဲတော့တာ၊ အကာအကွယ်တောင် ပေးရတာ။

အဲဒါနဲ့ တစ်ညလုံးစောင့်ရှောက်၊ မနက်လင်းတော့ ဘီလူးနှစ်ကောင် ကွယ်သွား။

* * *

www.dhammaransi.com

# နမောဗုဒ္ဓသအစွမ်း

နန်းတော်ထဲမှာလဲ ရွှေခွက်ပျောက်သတဲ့၊ ရှင်ဘုရင့်စားစရာတွေလဲ ပျောက်သတဲ့၊ ကဲ-ရှာကြ၊ ရှာကြ၊ ဘုရင်ကအရှာခိုင်း၊ မြို့ထဲမှာရှာမတွေ့တော့ မြို့ပြင်ထွက်ရှာကြ။

မြို့ပြင်ထွက်ရင်း သင်္ချိုင်းကုန်းရောက်သွား၊ သင်္ချိုင်းကုန်းက လှည်းပေါ်မှာ ရွှေခွက်သွားတွေ့တယ်၊ ရွှေခွက်ပေါ်မှာ ဘီလူးနှစ်ကောင်က စာရေးထားတယ်။

"ဤရွှေခွက်ကို ဖိုးညဏ်ခိုးတာမဟုတ်၊ ဖိုးညဏ်ရဲ့ နမောဗုဒ္ဓသအစွမ်းကြောင့် ဘီးလူးနှစ်ကောင် ခိုးပေးတာ၊ ဒီကလေးမှာ ဘာအပြစ်မှမရှိ"

www.dhammaransi.com



ရေးပြီးတော့ ဒီစာကို ပိုင်ရှင်ဖြစ်တဲ့ ရှင်ဘုရင်ကလွဲရင် ဘယ်သူမှမမြင်စေနဲ့၊ တန်ခိုးပဲဗျာ၊ ဖြစ်တာပေါ့၊ စာလုံးလေးတွေ ရေးထားပေမယ့် မင်းချင်းယောကျ်ား တာဝန်ရှိသူတွေမမြင်ရ။

မမြင်ရတော့ ရွှေခွက်နား ဘယ်သူရှိသလဲ လိုက်ရှာတော့ ချာတိတ်လေးတစ်ယောက်ပဲတွေ့၊ ချာတိတ်,တိတ်ကွာ၊ မင်းခိုးတာဖြစ်ရမယ်ဆိုပြီး ဖိုးညဏ်ကလေးကို ရွှေခွက်နဲ့အတူ ဖမ်းခေါ်သွား။

ခေါ်သွားတယ်ဆိုပြီး ကြောက်စရာအန္တရာယ်များတော့ မထင်လိုက်ပါနဲ့၊ အကျိုးပေးတော့မလို့၊ နမောဗုဒ္ဓဿအစွမ်းပါ။

အဲဒါနဲ့ ခေါ်သွား၊ နန်းတော်ထဲရောက်တော့ ရှင်ဘုရင်လက်ထဲအပ်။

"ဘုရင်မင်းတရား သူခိုးတွေ့ခဲ့ကြောင်းပါဘုရား"

"ဟဲ့-ဘယ်မတုန်း သူခိုး"

"ဟောဒီမှာဘုရား"

ချာတိတ်ကလေး၊ ၈နှစ် ၉ နှစ်ကို ဘုရင်မြင်တော့

www.dhammaransi.com



"ဟဲ့–ဒီကလေး၊ ဘယ့်နှယ် နန်းတော်ထဲ ဝင်ခိုးရဲမှာလဲ၊ ပေးစမ်း ပေးစမ်း၊ မင်းတို့လက်ထဲက ရွှေခွက်ပေးစမ်း"

ရွှေခွက်ကိုကြည့်လိုက်ကာမှ စာသွားတွေ့တယ်၊ ဖိုးဉာဏ်ကလေးရဲ့ နမောဗုဒ္ဓဿအစွမ်း (တန်ခိုး)ကြောင့် ဘီလူးကြီးနှစ်ကောင်က နန်းတော်ထဲ တန်ခိုးနဲ့ဝင်၊ ရွှေခွက်နဲ့ ကောင်းမြတ်တဲ့ အစားအသောက်တွေယူပြီး ကျွေးပေးတာ၊ ဒီကလေးမှာ ဘာမှအပြစ်မရှိဘူးလို့ ရေးထားတာကို ဘုရင်မြင်တော့ အို–ကလေးလေးကို ဘုရင်က ကြည်ညိုလိုက်တာ။

မိဘနှစ်ပါးကလဲ ညကတည်းကစပြီး သားလေးအတွက် ပူနေကြတယ်။

"ဟယ်–ဒို့သားလေးတစ်ယောက်ထဲ သင်္ချိုင်းကုန်းမှာထားခဲ့ရတာ၊ အန္တရာယ်ကတယ်ပေါ၊ အရွယ်လေးကငယ်၊ ဒီအချိန် ရှိမှရှိပါ့တော့မလား၊ ဘီလူးသရဲတွေ စားပစ်ကုန်ပြီလားမသိတော့ဘူး"

တစ်ညလုံးလဲ အိပ်မပျော်ကြဘူး၊ မနက်မြို့တံခါးဖွင့်တာနဲ့ ထွက်တော့မယ်လုပ်မှ ကလေးနန်းတော်ရောက်နေတဲ့အကြောင်း ကြားရလို့ နန်းတော်ကို ပြေးကြည့်တော့ သားနဲ့တွေ့ပါရော။

www.dhammaransi.com



ရှင်ဘုရင်က ကလေးကို ကြည်ညိုလိုက်တာ။

"မင်းကွာ၊ တယ်စွမ်းပါလား၊ အန္တရာယ်ပေးတတ်၊ ရန်လုပ်တတ်၊ နှောင့်ယှက်တတ်တဲ့ ဘီလူးကြီးတွေကတောင်မှ ငါ့နန်းတော် ထဲတန်ခိုးနဲ့ဝင်၊ အင်မတန်မွန်မြတ်တဲ့ စားဖွယ်သောက်ဖွယ်တွေကို ရွှေခွက်နဲ့ယူကျွေးရပါလား၊ မင်း တကယ်တော်တဲ့ ကလေး"

ဘယ်အပြစ်ပေးလိမ့်မတုန်း၊ ဆုတောင်ချဦးမှာ၊ နမောဗုဒ္ဓဿအစွမ်းက သေးသေးမှမဟုတ်ပဲ။

* * *

www.dhammaransi.com

# ကောင်းတာအကုန်စွန့်ခဲ့ရတာ

အဲဒါနဲ့ ဘုရားသီတင်းသုံးတဲ့ ဝေဠုဝန် ကျောင်းတော် ခေါ်သွားတယ်၊ ကလေးခေါ်တော့ အဖေနဲ့အမေပါ ခေါ်ရတော့တာပေါ့၊ ဘုရားထံ ရောက်တော့ ရှင်ဘုရင်က လျှောက်ထားတယ်။

"မြတ်စွာဘုရား–ဘုရားရှိခိုးတဲ့သူ၊ ဘုရား အာရုံပြုတဲ့ပုဂ္ဂိုလ်တွေဟာ အနှောင့်အယှက်မျိုးစုံ ကင်းပါသလားဘုရား"

"ကင်းတာပေါ့ ဒကာကြီးရယ်၊ ဗုဒ္ဓဆိုတာ ဟိုနားဒီနားက မနေ့တနေ့က ဘွားခနဲပေါ်လာ တာမှ မဟုတ်ပဲ၊ ဗုဒ္ဓစကားလေးတစ်လုံး နှုတ်က သုံးရပါမယ့်အကြောင်း အနည်းဆုံး ၄–အသင်္ချေနဲ့

www.dhammaransi.com



ကမ္ဘာတစ်သိန်း ကောင်းတာအကုန်စွန့်ခဲ့ရတာ၊ ကောင်းတဲ့အလုပ် အကုန်လုပ်ခဲ့ရတာ”

ပုထုဇဉ်သဘောက ကောင်းတာလိုချင်တယ်၊ လက်ထဲရောက်တော့ မစွန့်ချင်တော့ဘူး၊ လက်မလွှတ်ချင်တော့ဘူး၊ ဘုရားအလောင်းဆိုတာ ကောင်းတာအကုန်စွန့်ရတာ၊ ဗဟိဒ္ဓဆိုတာ မပြောနဲ့၊ အဇ္ဈတ္တ အသက်ခန္ဓာကိုစွန့်ရတာ၊ အန္တရာယ်ကင်းတာပေါ့”

ဘုရားရှိခိုးရင်၊ တရားအာရုံပြုရင် အရိယာသံဃာကို အာရုံပြုရင် ခန္ဓာကိုယ်မှာ ဖြစ်တိုင်း, ဖြစ်တိုင်း ရှုမှတ်နေရင်၊ ဒါမှမဟုတ် ၃၂ ကောဋ္ဌာသပွားများရင်၊ မေတ္တာပွားရင်၊ ကရုဏာပွားရင် ဘေးရန်မျိုးစုံ လုံခြုံတဲ့အကြောင်း စွမ်းအားတွေရတဲ့အကြောင်း ဘုရားက တရားလဲဟောရာရောက်၊ မေးတာကိုလဲ ဖြေရာရောက်အောင် ဟောကြားပေး၊ ဝိပဿနာဉာဏ်တွေပြ၊ သစ္စာလေးပါးအမှန်တရားတွေပြ၊ တရားဟောလိုက်တာ ဖိုးဉာဏ်လေးက နားထောင်ပြီး “တရားက ကောင်းလိုက်တာနော်”

* * *

www.dhammaransi.com



# တရားနဲ့ဝေးတဲ့ပုဂ္ဂိုလ်ဆိုရင်

ဘုရားက သစ္စာလေးပါး အမှန်တရားကိုပြတော့ ၈ နှစ် ၉ နှစ်အရွယ် ဖိုးညဏ်ကလေးက ကောင်းလိုက်တာတဲ့၊ သားလေးက ကောင်းတဲ့အာရုံနဲ့ တရားနာနေတယ်၊ အဖေနဲ့အမေကလဲ စူးစိုက်ပြီးနာနေကြတယ်။

တရားနဲ့ဝေးတဲ့ပုဂ္ဂိုလ်ဆိုရင် အိပ်ငိုက်မှာပေါ့၊ အိပ်ငိုက်လာမယ်၊ ပျင်းလာမယ်၊ ဘာတဲ့လဲ၊ သစ္စာလေးပါး ဒို့နဲ့ဘာဆိုင်လို့လဲ၊ ဒို့နဲ့ဘာတန်လို့လဲရှိမှာပေါ့၊ ဘုရားက ဆိုင်လို့ဟောတာလေ။

အဲဒါကို ခန္ဓာမှာ ဉာဏ်ကိုစိုက်လို့၊ ဝိပဿနာတရားပွားများ နှလုံးသွင်းရင်းနဲ့ ဖိုးညဏ်လေးတရားနာလိုက်တာ သောတာပန်ဖြစ်သွားတယ်၊ သူ့အဖေနဲ့ သူ့အမေကလဲ

www.dhammaransi.com



"တရားတွေက တကယ်လက်တွေ့ကြည့်တော့ တကယ်အေးချမ်းပါလား၊ တကယ်ဉာဏ်မျက်လုံးဖွင့်ကြည့်တော့ တကယ်ကို စိတ်ဝင်စားစရာချည်းပါလား"

ဉာဏ်မျက်လုံးဖွင့်ပြီးတော့ တရားနာရင်းနဲ့ လက်တွေ့ ခန္ဓာမှာ ဉာဏ်ကိုစိုက်ရင်း တရားနာလိုက်တာ တရားလဲပြီးရော သောတာပန်ဖြစ်သွားတယ်၊ မိစ္ဆာဒိဋ္ဌိတွေ သမ္မာဒိဋ္ဌိဖြစ်သွားတယ်။

နောက်များမကြာခင် သားကလဲ ကိုရင်ဝတ်၊ အဖေနဲ့အမေကလဲ ရဟန်းပြု၊ ဆက်အားထုတ်၊ ရဟန္တာတွေဖြစ်ကုန်တယ်၊ အဲဒါ နမောဗုဒ္ဓဿ။

အဲသလိုဆို ယခု လှိုင်ရတနာစာသင်တိုက်အတွင်းမှာ တည်ထားကိုးကွယ်တဲ့ အောင်စကြာစေတီတော်မြတ်ကြီးကိုလဲ ဓမ္မနဲ့၊ အသက်၊ ဂုဏ်သွင်းပြီး ပူဇော်လိုက်ကြတော့ နမောဗုဒ္ဓဿပဲလေ။

ဓမ္မကြောင့်ပဲ ဘုရားကို အာရုံပြုတတ်တာပေါ့၊ ဓမ္မမျက်လုံးမရှိရင် အုတ်ပုံကြီးပဲ မြင်နေကြမှာပေါ့၊ ဒါကြောင့် အုတ်ပုံကြီးအနေနဲ့ ခုနသားအမိ ဆွမ်းကပ်တဲ့ပုံစံမှာ သမီးဆွမ်းကပ်သလိုမဟုတ်ဖူးလေ၊ အရုပ်ကြီးပဲ၊ ဘုဉ်းပေးတာမှမဟုတ်ပဲဆိုတာ မရှိတော့ဘူးလေ။

www.dhammaransi.com



သက်တော်ထင်ရှား မြတ်စွာဘုရားအထိ အာရုံပြုပြီး ဆွမ်းကပ်တယ်၊ သူ့အချိန်နဲ့သူဆွမ်းကပ်တယ်၊ ဆွမ်းကပ်ရမယ့်ပုံစံနဲ့ပဲ ဆွမ်းကပ်တယ်၊ ဒီပြင် လှူဒါန်းဘွယ်လဲ ထို့အတူပဲပေါ့၊ ရှိခိုးတော့လဲ အဲဒီအတိုင်းပဲပေါ့။

အဲသလိုဆိုရင် ဘုရားရှိခိုးရင်...

(၁) ဉာဏ်ကြီးတယ်၊

(၂) အပူကင်းစင်တယ်၊

အန္တရာယ်မျိုးစုံလွတ်တယ်၊

(၃) တန်ခိုးကြီးတယ်၊ အရှိန်အဝါကြီးတယ်၊

အကြံအစည်တွေအောင်မြင်တယ်၊

(၄) ရုပ်အဆင်းလှတယ်၊

ကျက်သရေမျိုးစုံတိုးတယ်၊

* **ပညာကြီးလတ်၊ ဘုရားမြတ်၊**
  **ဆည်းကပ်သူလဲဉာဏ်ကြီးပါ၊**
* **အပူကင်းစင်၊ ဘုရားရှင်၊**
  **ဦးတင်သူလဲအပူကွာ၊**
* **တန်ခိုးကြီးဖြား၊ မြတ်ဘုရား၊**
  **လေးစားသူလဲ တန်ခိုးဖြာ၊**

www.dhammaransi.com



## * ရုပ်ဆင်းသပ္ပါယ်၊ အံ့ဩဘွယ်၊ ကိုးကွယ်သူလဲအေးချမ်းပါ၊

ဒါကြောင့် ကတပုညတံ-ပြုအပ်ပြီးသော ကောင်းမှုရှိသည့်၏ အဖြစ်ကို၊ ကတပုညတံ-ဗုဒ္ဓကျေးဇူး စွမ်းရည်ထူးကြောင့်၊ ချီးကျူးဘွယ်ရာ ကောင်းစွာပွားတိုး၊ လူ့တန်ခိုးကို၊ ပဏ္ဍိတာ-ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့ သည်၊ ပသံသန္တိ-ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် နမောဗုဒ္ဓဿတရား နာကြားကြရတဲ့ ဓမ္မသဝနမင်္ဂလာနဲ့ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့် ဘေးရန်အပူခပ်သိမ်း လွတ်ငြိမ်းကြ၍၊ ကောင်းကျိုးချမ်းသာများ ကြီးပွား တိုးတက်ပြည့်စုံကြပြီးလျှင် ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ အားကိုးစရာ ကောင်းမှုကိုယ်ပိုင်တရား ကြိုးစားနိုင်လွယ်ကြလျက် အပူအလွန်ပေါလှတဲ့ လောကကြီးမှာ တရားစွမ်းအားဖြင့် တစ်ဘဝလုံးတည်ငြိမ်ရင့်ကျက် အေးချမ်းစွာနေနိုင်ကြပြီးလျှင် မောင်ဖိုးဉာဏ်လေးတို့ မျက်မှောက်ပြုရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာ တရားတော်

www.dhammaransi.com



မြတ်ကို လွယ်ကူသောအကျင့် လျှင်မြန်သော အသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက် ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

* * *

www.dhammaransi.com

- ဗုဒ္ဓဆိုတဲ့စကားက
နိဗ္ဗာန်ကြီးဆိုတဲ့
အဓိပ္ပာယ်ပြတယ်။
- မောဟတည်းဟူသော
အိပ်ပျော်ခြင်းမှ
နိုးကြားတော်မူပြီးပြီ၊
- ကိလေသာတည်းဟူသော
အိပ်ပျော်ခြင်းမှ
နိုးကြားတော်မူပြီးပြီ၊
- သတ္တဝါအနန္တတွေက
မောဟထဲမှာအိပ်ပျော်လို့
နေကြတုန်း
- ကိလေသာနဲ့
အိပ်ပျော်လို့နေကြတုန်း။

(ယော)ဆရာတော်

www.dhammaransi.com

★ ဘုရားဂုဏ်တော်, တရားဂုဏ်တော်
★ သံဃာဂုဏ်တော်နှင့်ပတ်သက်သော
★ မေတ္တာတရား၊ ကုသိုလ်, အကုသိုလ်
★ ဒါန, သီလ, သမာဓိ, ပညာ, ဝိပဿနာ
★ ကံ, ကံ၏အကျိုးပေးနှင့်ပတ်သက်သော

(ယော)ဆရာတော်၏ ဩဝါဒများကို
တိုရှင်း, လိုရင်း
ဖတ်ရှုမှတ်သား လိုက်နာနိုင်ကြစေရန်

# ဩဝါဒပဒေသာ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေ
မှ
စီစဉ်နေပါပြီ။

www.dhammaransi.com

ဘဝသံသရာဟူသော ဇာတ်ခုံပေါ်တွင်
သရုပ်ဆောင်ကြရသောအခါ
အသိကွဲပြားစေရန်
အမြင်ကြည်လင်စေရန်
တွေ့သမျှ အာရုံများသည်
နိဗ္ဗာန်ရောက်ကြောင်း
ဒုက္ခလွတ်ကြောင်းဖြစ်စေရန်
ဟောကြားထားသော

# ဘဝဇာတ်ခုံ ပုံစံခုံ

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေမှ ထွက်လာပါတော့မည်
[အသစ်စက်စက်တရားတော်]

www.dhammaransi.com

# ရွှေစန္ဒာထွန်းစာပေတိုက်တွင် ရရှိနိုင်သောစာအုပ်များ

(၁) မေတ္တာနှလုံးအလှဆုံး (ယောဆရာတော်)
(၂) အဆင်းအတက်လမ်းနှစ်ဖက် ॥
(၃) အသိမှန်ကန်အဖိုးတန် ॥
(၄) ကုသိုလ်လည်းရ ဝမ်းလည်းဝ ॥
(၅) ဆင်းရဲ၏နောက်ချမ်းသာရောက် ॥
(၆) စိတ်အေးစရာသာသနာ ॥
(၇) အိမ်တွင်းမင်္ဂလာလူ့ကျင့်စဉ် ॥
(၈) သမုဒ္ဒရာဝမ်းတစ်ထွာ ॥
(၉) မေတ္တာတရားလူ့စွမ်းအား ॥
(၁၀) ဗုဒ္ဓဘာသာသိမှတ်ဖွယ်ရာ ဆန်းလွင်
(၁၁) ဓမ္မဒေသနစာစု ॥
(၁၂) ဘုံစဉ်စံ ဘဝလမ်းပြဒေသန ॥
(၁၃) ကုသိုလ်ဆောင်ရာ
မြတ်ချမ်းသာ တက္ကသိုလ်သျှင်သီရိ
(၁၄) ဒေသစာရီဝေသာလီ ပါရဂူ
(၁၅) ဗုဒ္ဓအဘိဓမ္မာနှင့်
စကြဝဠာသိအိုရီ ဦးလှသိန်းထွန်း

www.dhammaransi.com

# ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

| | |
|---|---|
| စိတ်ဓွမ်းရည် | (ယော)ဆရာတော် |
| ပညာလမ်းပြလူ့အလှ | ॥ |
| အပေါင်းလက္ခဏာ | ॥ |
| ဘဝဇာတ်ခုံပုံစံစုံ | ॥ |
| ဩဝါဒပဒေသာ | ॥ |
| ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း | ॥ |
| အဆိုးကိုရှောင် အကျိုးဆောင် | ॥ |
| အသီးတစ်ရာအညှာတစ်ခု | ॥ |
| တရားပြည့်ဝ အရိပ်ရ | ॥ |
| ဘဝတစ်ခေါက် ခဏရောက် | ॥ |
| ဘဝလမ်းညွှန် | မောင်ကြာညို |


မှာကြားနိုင်ပါသည်

**ရွှေစန္ဒာထွန်းစာပေ**

အမှတ် ၉၆(မြေညီ) ၃၈လမ်း

ရန်ကုန်မြို့။

☎ ၀၁-၂၄၃၈၇၀

www.dhammaransi.com

